# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## တတိယနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်

## (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို နံနက် ၁၀း၁၅ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

အချိန်၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၇၄ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၉.၀၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယမြောက်နေ့မှာ ခွင့်ပန်ကြားသူများရဲ့စာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပေးပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၃ ရက်၊

(၂) ကျိုက်ထိုမဲဆန္ဒနယ်မှ ဦးမြင့်လွင် ခွင့် ၈ ရက်၊

(၃) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၃ ရက်၊

(၄) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၆) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၃ ရက်၊

(၇) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၃ ရက်၊

(၈) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၂ ရက်၊

(၉) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၁၀ ရက်၊

(၁၀) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၃ ရက်၊

(၁၁) မံစီမဲဆန္ဒနယ်မှ ဦးထွန်းသိန်း(ခ)ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၁၂) မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးသိန်းဇော် ခွင့် ၁ ရက်၊

(၁၃) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၁၄) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၁၅) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၁ ရက်၊

(၁၆) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မြင့်ကိုကို ခွင့် ၁ ရက်၊

(၁၇) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၃ ရက်နှင့်

(၁၈) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့် ခွင့် ၃ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၂၈ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၄၆ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ ဒေသန္တရဆည်(လက်လုပ်ရေလွှဲဆည်)များကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးစွာ ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးပိုင်(ဝန်းသိုမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့နှင့်ပြည့်စုံကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်း အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးပိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနနှင့်သက်ဆိုင်တဲ့ မေးခွန်းတစ်ခုကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်း လိုတာကတော့ ဒီနေ့အစိုးရသစ်လက်ထက်မှာ ထင်သာမြင်သာအနေနဲ့တိုးတက်လာတာတွေကို ဘယ်သူမှမျက်ကွယ်ပြုလို့မရပါဘူး။ ဥပမာ လမ်း၊ တံတားတွေ၊ တယ်လီဖုန်းဆက်သွယ်ရေးတွေ၊ လျှပ်စစ်မီးလင်းရေးလုပ်ငန်းစဉ်တွေ၊ ပညာရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာကိစ္စတွေမှာ သိသိသာသာ တိုးတက်လာပါတယ်။ ဒီနေရာမှာ လယ်ယာစိုက်ပျိုးရေးနဲ့ဆိုင်တဲ့လုပ်ငန်းပိုင်းမှာတော့ လိုအပ်ချက် တွေရှိနေသေးတယ်လို့ ကျွန်တော့်အနေနဲ့ ထင်မြင်မိပါတယ်။ မျိုးစေ့ဆိုင်ရာကိစ္စတွေ၊ စိုက်နည်းစနစ် ကိစ္စတွေမှာ ပြုပြင်ပြောင်းလဲလာတာတွေကိုလည်း တွေ့ရပေမယ့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းစဉ်မှာ တော့ အားနည်းချက်တွေရှိနေပါသေးတယ်။ နေရာတိုင်းမှာ ရေလှောင်တမံကြီးတွေကဖြန့်ဝေတဲ့ ရေ တွေကို ကျွန်တော်တို့ မရရှိနိုင်ကြပါဘူး။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ဒေသန္တရဆည်(လက်လုပ်ရေလွှဲ ဆည်)များကို အားကိုးနေရဆဲဖြစ်ပါတယ်။ ဒါကြောင့်မို့ နိုင်ငံအဝှမ်း သစ်သားနဲ့၊ မျှောတိုးနဲ့၊ ကျောက်တုံးနဲ့၊ ဝါးထရံနဲ့ တောင်သူလယ်သမားတွေကိုယ်တိုင် ပင်ပန်းကြီးစွာနဲ့နှစ်စဉ်ပြုလုပ်ပြီးမှ

ရေလွှဲ၊ ရေသွယ်ဆောင်ရွက်နေရတဲ့ ဒေသန္တရဆည်(လက်လုပ်ရေလွှဲဆည်)များကို နိုင်ငံအဝှမ်း အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် လက်ရှိစီမံမှုများထက် ပိုမိုစီမံပံ့ပိုးပေးရန်အစီအစဉ်များရှိ/မရှိဆိုတာကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးခင်ဇော်(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးပိုင်ရဲ့ မေးမြန်းချက်အပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးခင်ဇော်မှ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာနဟာ စိုက်ပျိုးရေရရှိရေးဆိုင်ရာ ရေလှောင်တမံနှင့် ရေပေးအဆောက်အအုံများ တည်ဆောက်ထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ကျေးလက်ဆည်ငယ်၊ ကန်ငယ်များပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေကြီးနစ်မြုပ်မှုလျော့ပါးစေရေးအတွက် ချောင်းကော၊ မြောင်းကောများတူးဖော်ခြင်းလုပ်ငန်းများနှင့် ရေဘေးကာကွယ်ရေး၊ ရေငန်တားဆီးရေးအတွက် တာတမံများတည်ဆောက်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို နိုင်ငံတော်အဝှမ်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈၊ ဇယား(၂)၊ အပိုဒ် ၃ တွင် ပါရှိသည့်အတိုင်း တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ စီမံခန့်ခွဲမှုပြုလုပ်နိုင်ရန် ဆည်မြောင်းဦးစီးဌာနလက်အောက်ရှိ ဆည်ရေသောက်ဧရိယာဧက ၅၀၀၀ အောက် ရေလှောင်တမံ၊ ဆည်၊ ကန်ငယ်၊ တာတမံ၊ ရေနုတ်မြောင်းများကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစတင်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီးဖြစ်၍ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ နှစ်အလိုက်ခွဲဝေရရှိသော ရန်ပုံငွေဖြင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြသော တိုင်းဒေသကြီး/ပြည်နယ်ရှိ တောင်သူလယ်သမားများ တည်ဆောက်ထားသည့် ဒေသန္တရလက်လုပ်ရေလွှဲဆည်များသည်

တောင်သူလယ်သမားများကိုယ်တိုင် နှစ်စဉ်ပြုပြင်၍ စိုက်ပျိုးရေရယူစိုက်ပျိုးလျက်ရှိကြပါတယ်။ အဆိုပါဒေသန္တရလက်လုပ်ဆည်များမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အစီအစဉ်ဖြင့် စီမံဆောင်ရွက်ရမည့်လုပ်ငန်းများ ဖြစ်ပါတယ်။ တောင်သူလယ်သမားများ၏အင်အားဖြင့် မဆောင်ရွက်နိုင်၍ ပြုပြင်တည်ဆောက်ပေးရန် တင်ပြမှုအပေါ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်အရ နိုင်ငံတော်အစိုးရအဖွဲ့သို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုသည်နှင့်အမျှ ဆည်မြောင်းဦးစီးဌာနမှ ခေတ်မီနည်းပညာဖြင့် အဆင့်မြှင့်တင်တည်ဆောက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကျဆင်းနေမှုအပေါ် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ထိန်းညှိဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး[ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်]**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ ၂၀၁၀ နောက်ပိုင်း နိုင်ငံရေးအပြောင်းအလဲဖြစ်ပြီးတဲ့နောက် အခုတစ်ခါ စီးပွားရေးအပြောင်းအလဲပြုလုပ်တဲ့အခါမှာ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ လွတ်လပ်ပြီးတော့ မျှတတဲ့ ဈေးကွက်မျိုးဖြစ်ရမယ်ဆိုပြီးတော့ ပေါ်လစီများချမှတ်လုပ်ကိုင်နေတာ သိရပါတယ်။ အဲ့ဒီတော့ မျှတပြီးလွတ်လပ်တဲ့ဈေးကွက်တွေ ပြုလုပ်တဲ့အခါမှာ အခု လောင်စာဆီနဲ့ပတ်သက်လို့ ကမ္ဘာ့ရေနံဈေးက ၅၀ ရာခိုင်နှုန်းလောက်ကျနေတာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်ကတည်းက ကျပြီးတော့ ဒေါ်လာဈေးကလည်း ဇူလိုင်လ၊ ဩဂုတ်လလောက်ကစပြီးတော့ ၁၅ ရာခိုင်နှုန်းလောက်တက်နေတာ ဖြစ်ပါတယ်။ အဲ့ဒီတော့ လောင်စာဆီဈေး ၅၀ ရာခိုင်နှုန်းလောက်ကျသော်လည်းပဲ ပြည်တွင်းမှာတော့ ဒီဆီဈေးတွေ က ပြောင်းလဲမှုမရှိဘူး။ သိသာစွာ ကျဆင်းခြင်းရှိတာ မတွေ့ရပါဘူး။ နောက်တစ်ခါ ပုဂ္ဂလိကစက်သုံးဆီရောင်းချတဲ့သူတွေအနေနဲ့ ဒီစက်သုံးဆီဝယ်ယူတဲ့အခါမှာ FOB နဲ့ ပေးချေရတာ ဖြစ်ပါတယ်။ FOB မှာ ဝယ်တဲ့ပေါက်ဈေးကပါပြီးသားဖြစ်ပါတယ်။ အဲ့ဒီအပေါ်မှာ Tax ပေးရခြင်း ဖြစ်ပါတယ်။ အဲ့ဒီတော့ ဝယ်တဲ့ပေါက်ဈေးက ဒီလို၊ ရောင်းတဲ့ဈေးက ဒီလိုဆိုတော့ ကြားမှာအလွန်ဆုံး ကွာခြားရင် FOB ကနေနယ်ကိုရောက်တာဆို တစ်လလောက်ကြာတယ်ဆိုတော့ တစ်လလောက် အတောအတွင်းမှာမကဘဲ

အခုခြောက်လကျော်ဖြစ်သည့်အတွက် အပြောင်းအလဲမရှိတဲ့အတွက်ကြောင့်မို့လို့ ကျွန်မဒီမေးခွန်းကို မေးခြင်းဖြစ်ပါတယ်။

မေးခွန်းကတော့ မြန်မာနိုင်ငံမှာ စီးပွားရေးပြုပြင်ပြောင်းလဲချိန်မှာ Transition Cost ကြောင့် ဈေးနှုန်းကြီးမြင့်နေခြင်းဖြစ်ရာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းမှာ ယခုအခါ ထက်ဝက်ခန့်ကျဆင်းနေကြောင်း သိရပါသည်။ သို့ပါ၍ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကျဆင်းမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ထိန်းညှိဆောင်ရွက်နေကြောင်း၊ တစ်နည်းအားဖြင့် ဘယ်လိုကာကွယ်မှုပေးနိုင်သလဲ သိလိုပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦးကနေပြီးတော့ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းနေမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ထိန်းညှိဆောင်ရွက်နေကြောင်း သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး စွမ်းအင်ဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအောင်ထူးကနေပြီးတော့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ကတော့ အချိန်ကိုငဲ့ညှာသောအားဖြင့် အကျဉ်းချုပ်ရှင်းလင်းတင်ပြရမယ်ဆိုပေမယ့်လို့ ကျွန်တော် ကမ္ဘာ့ရေနံဈေးနှုန်းရဲ့ ပြောင်းလဲမှုလေးကိုလည်း ယှဉ်တွဲပြီးဖော်ပြရမယ့်အတွက် အချိန်များအနည်းငယ်ပိုသွားလို့ရှိရင်လည်း ခွင့်လွှတ်ပေးပါလို့ ကြိုတင်ပြီးတော့ ကျွန်တော် တောင်းပန်အပ်ပါတယ်။ ကမ္ဘာ့ရေနံဈေးနှုန်းဟာ ၁၉၇၀ ခုနှစ်ကနေ ပြန်ကြည့်မယ်ဆိုရင် အမေရိကန်နိုင်ငံရဲ့ရေနံစိမ်းထုတ်လုပ်မှုကျဆင်းပြီး ပြည်တွင်းသုံးစွဲမှုမြင့်တက်လာခြင်းကြောင့် ပြည်ပမှရေနံစိမ်းတင်သွင်းမှုအပေါ် မှီခိုနေရတဲ့အမေရိကန်အပါအဝင် ကမ္ဘာ့စက်မှုနိုင်ငံကြီးများဖြစ်တဲ့ ကနေဒါ၊ အနောက်ဥရောပနိုင်ငံတွေ၊ ဂျပန်၊ သြစတြေးလျ၊ နယူးဇီလန်တို့အပေါ်မှာ အများကြီးသက်ရောက်ခဲ့ပါတယ်။ အဲ့ဒါအပြင် ၁၉၇၃ ခုနှစ်၊ ၁၉၇၉ ခုနှစ်မှာ အီရန်နိုင်ငံရဲ့နိုင်ငံရေးအခြေအနေနဲ့ အရှေ့အလယ်ပိုင်းဒေသမှ ရေနံတင်ပို့မှုဖြတ်

တောက်မှုများကြောင့် Energy Crisis ဖြစ်ပြီး ရေနံစိမ်းဈေးနှုန်းဟာ ၁၉၈၀ ခုနှစ်မှာ ရေနံစိမ်း တစ်စည်ဟာ မူလအမေရိကန်ဒေါ်လာ ၁၀ ဒေါ်လာအောက်ကရှိနေရာမှ ၃၅ ဒေါ်လာအထိ မြင့်တက်ခဲ့ပါတယ်။ ဒီအမေရိကန် ၃၅ ဒေါ်လာဆိုတာ အဲ့ဒီအချိန်မှာရှိတဲ့ ငွေကြေးဖြစ်တဲ့အတွက် ယနေ့ငွေကြေးနဲ့တွက်ရင်တော့ ဒေါ်လာ ၁၀၀ ကျော်ပါတယ်ခင်ဗျ။

အဲ့ဒီလိုအချိန်နောက်ပိုင်းမှာတစ်ခါ ရေနံဈေးနှုန်းက ဒေါ်လာ ၂၀ ခန့်ထိ ကျဆင်းတည်တံ့သွားခဲ့ပါတယ်။ ဒီ ၂၀၀၀ ခုနှစ်နောက်ပိုင်းမှာ ဒီ Demand က ရေနံစိမ်းရဲ့လိုအပ်မှုဟာ Supply ထက်ပိုများနေတဲ့အတွက်ကြောင့် ရေနံစိမ်းကပြန်လည်မြင့်တက်လာတာ ၂၀၀၁ ခုနှစ်မှစပြီး ရေနံစိမ်း တစ်စည်ကို အမေရိကန်ဒေါ်လာ ၁၀၀ အထက်ကို ရောက်ရှိခဲ့ပါတယ်။ မြင့်တက်တဲ့ရေနံစိမ်းဈေးနှုန်းအရ ရေနံတူးဖော်တဲ့ကုမ္ပဏီတွေအနေနဲ့ကလည်းပဲ ခက်ခဲတဲ့နေရာတွေ၊ Risk များတဲ့နေရာတွေမှာပါ အကျိုးသက်ရောက်မှု ရေနံထွက်လို့ရှိရင် အကျိုးအမြတ်ရရှိတဲ့အတွက်ကြောင့်မို့လို့ ရေနံစိမ်းရရန် နည်းလမ်းအမျိုးစုံ၊ နည်းသစ်များကို အသုံးပြုပြီးတူးဖော်လာခဲ့ပါတယ်။ အရှေ့တောင်အာရှရေနံစိမ်းဈေးကွက်ကို တစ်ခါပြန်ကြည့်ရင် Singapore Platt's ဈေးနှုန်းအရ ၂၀၁၄ ခုနှစ် စက်တင်ဘာလမှ ရေနံတစ်စည်ကို အမေရိကန်ဒေါ်လာ ပျမ်းမျှ ၁၀၂ ဒေါ်လာလောက်ရှိပါတယ်။ တကယ်ကို နေ့စဉ်အခြေအနေနဲ့ပြန်ကြည့်ရင် အဲ့ဒီအချိန်မှာ ၁၁၀ ဒေါ်လာကျော်ကျော်အထိကို ဈေးတက်ခဲ့ပါတယ်။ ဒါစက်တင်ဘာလ ၂၀၁၄ ခုနှစ်ပါ။ နောက်ပိုင်း အောက်တိုဘာလရောက်တဲ့အခါမှာ ရေနံစိမ်းတစ်စည်ဟာ ဒေါ်လာ ပျမ်းမျှ ၈၆ ဒေါ်လာလောက်ရှိပြီးတော့ နိုဝင်ဘာလမှာ ရေနံစိမ်းတစ်စည်ဟာ ဒေါ်လာ ၈၂ ဒေါ်လာအထိကျပြီး ဒီဇင်ဘာလမှာ ၆၄ ဒေါ်လာခန့်အထိကျတယ်။ ယင်းသည် လောလောဆယ်ဆယ် အမေရိကန်ဒေါ်လာ တစ်စည်ကို ၄၇ ဒေါ်လာခန့်မှာ နည်းနည်းလေး ခေတ္တတော့ တန့်နေတာရှိပါတယ်။ အဲ့ဒီတော့ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုရဲ့ အဓိကအကြောင်းရင်းက ခုနကတင်ပြခဲ့တဲ့ Supply နဲ့ Demand အပေါ်မူတည်ပြီးတော့ Supply များလို့ရှိရင် ဈေးနှုန်းကျပြီးတော့ Demand များလို့ရှိရင် ရေနံဈေးနှုန်းတက်တဲ့အခြေအနေအရ ဒီအခု ကမ္ဘာ့ရေနံ ဈေးနှုန်းကျဆင်းမှုကို ကျွန်တော်တို့ သုံးသပ်တဲ့အခါမှာ ယခုကာလအတွင်းမှာ ဥရောပနိုင်ငံတွေရဲ့ စီးပွားရေးကျဆင်းမှုနှင့် တရုတ်နိုင်ငံရဲ့စီးပွားတိုးတက်မှု နှေးကွေးသွားတဲ့အတွက် ရေနံဝယ်လိုအား ကျဆင်းလာခဲ့ခြင်း၊ အမေရိကန်နိုင်ငံနဲ့ကနေဒါနိုင်ငံတို့မှာ Shale Oil/ Shale Gas နည်းပညာသစ်များဖြင့် ထုတ်လုပ်တဲ့အခါမှာ အမေရိကန်နိုင်ငံမှာဆိုရင် ၂၀၁၀ ခုနှစ်က တစ်နေ့ကို ရေနံစည် တစ်သန်းကျော်ကျော်လောက်ထွက်နေရာကနေပြီးတော့ အခုအချိန်မှာ သန်းပေါင်းငါးသန်းလောက်အထိကို ထွက်ရှိထုတ်လုပ်လာတဲ့

အတွက်ကြောင့်မို့လို့ ယခင်ရေနံစိမ်းတင်သွင်းမှုပမာဏထက် အမေရိကန်က တစ်ဝက်လောက် လျော့ကျသွားခဲ့တဲ့အခြေအနေပဲ ဖြစ်ပါတယ်။ နောက်တစ်ခါ ရေနံဝယ်လိုအား ကျဆင်းလာသော် လည်းပဲ ထုတ်လုပ်မှုမှာပြောင်းလဲခြင်းမရှိပဲ ကမ္ဘာ့ရေနံဈေးကွက်ရဲ့ ၄၅ ရာခိုင်နှုန်းထိန်းချုပ်ထားတဲ့ အိုပက်နိုင်ငံတွေဟာ ယခင်ကတည်းက သဘောတူထားတဲ့ တစ်နေ့ကို ဆီ သန်း ၃၀ ထုတ်မယ် ဆိုတာကိုလည်း အခု လျှော့ချခြင်းမရှိဘဲနဲ့ ဆက်လက်ထိန်းသိမ်းထားတဲ့အတွက် ဆုံးဖြတ်ခဲ့တဲ့အတွက် ကြောင့်လည်းဖြစ်ပါတယ်။ နောက်တစ်ခါ ကမ္ဘာ့ပထဝီနိုင်ငံရေးလို့ခေါ်ရမယ့် Geo Political အခြေ အနေအရ အရှေ့အလယ်ပိုင်းဒေသနှင့် ယူကရိန်းတွေမှာဖြစ်နေတဲ့ နိုင်ငံရေးပြဿနာတွေကြောင့် လည်းပဲ ရေနံဈေးနှုန်းကို ထိခိုက်စေသွားတာဖြစ်ပါတယ်။ နောက်ဆုံးတစ်ချက်ကတော့ ကမ္ဘာကြီး ပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုကြောင့် လျှော့ချရန် နိုင်ငံအသီးသီးက Renewable Energy ကိုပိုမိုသုံးစွဲဖို့ မူဝါဒတွေချမှတ်ပြီးဆောင်ရွက်တာရယ်၊ လုံခြုံမှုစနစ် အဆင့်မြင့်ထားတဲ့ နျူးကလီးယားစွမ်းအင်ကိုပင် ပြန်လည်အသုံးပြုဖို့ ဦးတည်လာတဲ့ဟာတွေကြောင့်မို့လို့လည်းပဲ ရေနံ ဈေးနှုန်းဟာ ကျဆင်းလာတာဖြစ်ပါတယ်။ ကမ္ဘာ့ရေနံကုမ္ပဏီတွေအနေနဲ့က အမြတ်ငွေလျော့ပြီးတော့ ကျဆင်းလာကြောင်း ရေနံရှာဖွေမှုအပိုင်းမှာ ဈေးလျှော့ချလာနိုင်တဲ့အခြေအနေလေးတွေရှိတာ ကိုလည်းတွေ့ရှိရပါတယ်။ နောက်ပြီးတော့ ရေနံတူးဖော်တဲ့ ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီတွေအနေနဲ့ ကျတော့လည်း လုပ်ငန်းနှေးကွေးသွားတာကိုလည်း တွေ့ရှိခဲ့ရပါတယ်။ မြန်မာနိုင်ငံကို အဲဒါနဲ့ ယှဉ်ပြီး ပြန်ကြည့်မယ်ဆိုရင် မြန်မာနိုင်ငံမှာ ပထမဦးဆုံး ကျွန်တော်တင်ပြလိုတာက သဘာဝဓာတ်ငွေ့ပါ။ လောလောဆယ်မှာတော့ ရတနာ၊ ရဲတံခွန်၊ ရွှေနှင့်ဇောတိကသဘာဝဓာတ်ငွေ့တွေကို နိုင်ငံခြားကို တင်ပို့ ရောင်းချနေတာရှိပါတယ်။ မနှစ်ကဆိုရင် ရတနာနှင့် ရဲတံခွန်နှစ်ခုပဲ ရောင်းချပြီးတော့ ဒီနှစ် ကုန်ပိုင်းကစပြီးတော့ ရွှေနှင့်ဇောတိကပါ ထပ်ပြီးတော့ ပိုပြီးတော့ အထွက်တိုးရောင်းချခဲ့ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့ ရဲ့ရေနံဈေးနှုန်းကို ထိန်းချုပ်ထားတဲ့ Export Gases Agreement မှာ ဒီ (၃)ချက်နှင့် ထိန်းချုပ်ထားပါတယ်။ ပထမတစ်ချက်ကတော့ ဒီ Oil Field Machinery ခေါ်တဲ့ Index နဲ့ထိန်းချုပ်ထားသလို၊ ဒုတိယတစ်ချက်ကတော့ CPI ခေါ်တဲ့ Consumer Price Index နဲ့ ထိန်းချုပ်ထားပြီးတော့၊ တတိယအချက်ကတော့ ကျွန်တော်တို့ ရေနံဈေးနှုန်းနဲ့ ထိန်းချုပ်ထားတာပါ။ အဲ့တာကြောင့်မို့လို့ ရေနံဈေးနှုန်းကျဆင်းလာတာဟာ မြန်မာနိုင်ငံရဲ့ဝင်ငွေလျော့ကျစေသွားမှာလည်း တစ်နည်းအားဖြင့် မှန်ပါတယ်။ သို့သော်လည်းပဲ အခုနက တင်ပြသလို ရဲတံခွန်၊ ဇောတိကနဲ့ ရွှေရေနံ ထုတ်လုပ်မှုဟာ ပိုပြီးတိုးထွက်လာတဲ့အတွက် လာမယ့်နှစ်မှာတော့ ကျွန်တော်တို့ရဲ့ ရေနံကြောင့်၊

သဘာဝဓာတ်ငွေ့ကြောင့်ရတဲ့ဝင်ငွေဟာ သိသိသာသာကျဆင်းသွားမှာ မဟုတ်တာကိုလည်း ကျွန်တော်တို့တွက်ချက်ရရှိခဲ့ပါတယ်။ အဲ့ဒါအပြင် ပြည်တွင်းသုံးသဘာဝဓာတ်ငွေ့ကိုလည်းပဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုနဲ့ စက်ရုံအချို့သုံးစွဲမှုအတွက် သက်သာတဲ့ဈေးနှုန်းနဲ့ Subsidize Price လုပ်ရောင်းတဲ့အတွက်ကြောင့်မို့လို့ စွမ်းအင်ဝန်ကြီးဌာနအနေနဲ့လည်း ဒီရေနံစိမ်းကျသလို သဘာဝဓာတ်ငွေ့ဈေးပါကျတဲ့အတွက်လည်း စိုက်ထုတ်ကုန်ကျရှုံးတဲ့ဟာကို လျော့နည်းသွားစေမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ရေနံရှာဖွေရေးလုပ်ငန်းတွေကတော့ ကျွန်တော်တို့ ပြန်လည်သုံးသပ်တဲ့အခါမှာတော့ ကျွန်တော်တို့မကြာခင်ကမှ ထုတ်ပြန်ထားတဲ့ ရင်းနှီးမြှုပ်နှံတင်ဒါတွေ လုပ်ခွင့်ပေးဖို့ကိစ္စက ပြီးဆုံးပြီးပြီဖြစ်ပါသော်လည်းပဲ ရေနံဈေးနှုန်းသိသိသာသာကျဆင်းလာတဲ့အတွက် ရေနံလုပ်ကိုင်တဲ့လူတွေဟာ စာချုပ်ချုပ်ဆိုဖို့ အနည်းငယ်တော့တုံ့ဆိုင်းသွားတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့ သူတို့တစ်တွေကို စည်းရုံးလိုက်တဲ့အတွက်ကြောင့် မကြာခင် စာချုပ် ဖေဖော်ဝါရီလကုန်လောက်ကို ကျွန်တော်တို့ သတ်မှတ်ထားတဲ့ ကုမ္ပဏီ ၁၀ ခုလုံး စာချုပ်ချုပ်ဆိုပြီးစီးဖို့ပဲ ကျွန်တော်တို့ ရည်မှန်းထားတာရှိပါ တယ်။ ဒါ့အပြင် လက်ရှိလုပ်ကိုင်နေတဲ့ ရေနံကုမ္ပဏီတွေကျတော့ သူတို့ရဲ့လုပ်ငန်းတွေကို ရေနံဈေးကျ တဲ့အတွက် နှေးကွေးသွားတဲ့အပိုင်းလေးတွေလည်း တွေ့တာကို ကျွန်တော်တို့က သူတို့တစ်နှစ်တစ်နှစ် လုပ်ရမယ့် Obligation၊ Work Program နှင့် Budget ကိုတော့ ပြည့်မီအောင်ဆောင်ရွက်ဖို့ အတွက် အခုညှိနှိုင်းဆောင်ရွက်ထားတဲ့အတွက် ကျွန်တော်တို့ ဒီမှာတော့ ထိခိုက်မှုနည်းလိမ့်မယ်လို့ လည်း ကျွန်တော်တို့ ယူဆထားပါတယ်။ မြန်မာနိုင်ငံရဲ့ရေနံထုတ်လုပ်မှုနဲ့၊ ရေနံစိမ်းနဲ့ပတ်သက်လို့ကျ တော့ မြန်မာနိုင်ငံမှာ မြန်မာ့ရေနံနဲ့ သဘာဝဓာတ်ငွေ့ လုပ်ငန်းဟာ ရေနံထုတ်တာ တစ်နေ့တစ်စည် တန်ဖိုးသည် ကျပ် ငါးသောင်းခန့်ပဲရှိတဲ့အတွက် တစ်နည်းအား ဖြင့် US Dollar ၅၀ လောက်ရှိတော့ ဒီအခုရေနံဈေးနှုန်းကျခဲ့တဲ့အတွက်ကြောင့်မို့လို့ ဒီကျွန်တော်တို့ သိပ်ပြီးတော့ သိသိသာသာထိခိုက်မှု မရှိတာကိုလည်း တွေ့ရှိရပါတယ်။ အဲ့ဒါအပြင် ဒါကျွန်တော်တို့ ထုတ်နိုင်တဲ့ရေနံဆီပမာဏထက် သုံးစွဲတဲ့ပမာဏက မြန်မာပြည်မှာများတဲ့အတွက် တော်တော်များများအပိုင်းကို ကျွန်တော်တို့က ရေနံစိမ်းကို တင်သွင်းရတဲ့အတွက်ကြောင့်၊ ဒါမှမဟုတ်ရင် ရေနံ Product ကို တင်သွင်းရတဲ့အတွက်ကြောင့် ကျွန်တော်တို့ ဈေးသက်သာစွာနဲ့ တင်သွင်းရတဲ့အတွက် ရေနံ Liquid နဲ့ပတ်သက်လို့ ကျွန်တော်တို့ရဲ့ထိခိုက်မှုဟာ မရှိတဲ့အပြင် ကျွန်တော်တို့အတွက်၊ နိုင်ငံအတွက်ကတော့ သက်သာစေတာကိုတော့ တွေ့ရှိရပါတယ်။ အားလုံးကိုချုံပြီးတော့ တင်ပြရမယ်ဆိုရင်တော့ ဒီစီးပွားရေးအခြေ

အနေပြောင်းလဲမှုကြောင့် ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုဟာ မြန်မာနိုင်ငံကို ဆိုးကျိုးတွေရှိသလို ကောင်းကျိုးများလည်းရှိသည်ကို သုံးသပ်တွေ့ရှိရပါတယ်။

နောက်ဆုံးနိဂုံးချုပ်အနေနဲ့ အဲဒီတော့ အလားတူ နိုင်ငံတော်သို့ ရေရှည်စီးပွားစွမ်းအင်ဖူလုံမှုအတွက် ရေနံချက်စက်ရုံတွေကို Joint Venture လုပ်ဖို့အစီအစဉ်တွေလည်း စီစဉ်ထားပါတယ်။ ရေရှည်မှာ စီးပွားရေးတွက်ခြေကိုက်မယ့်ရေနံချက်စက်ရုံအသစ်တစ်ခု တည်ဆောက်ဖို့ကိုလည်း ရည်မှန်းထားတာရှိပါတယ်။ ရေနံထွက်ပစ္စည်းရောင်းချခြင်းလုပ်ငန်းအား နိုင်ငံတကာရေနံကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (Renewable Energy) နဲ့ စွမ်းအင်ချွေတာသုံးစွဲရေးမူဝါဒတွေကိုလည်း ချမှတ်ပြီးတော့ အမျိုးသားစွမ်းအင်မူဝါဒနှင့်အညီ ဆောင်ရွက်ခြင်းနဲ့ မိမိအတွက် Energy Security Plan ကိုရေးဆွဲရာမှာ ကမ္ဘာ့ရေနံဈေးနှုန်းအတတ်အကျကြောင့် မြန်မာ့စွမ်းအင်ကဏ္ဍအပေါ် သက်ရောက်မည့်အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ကြိုတင်မတ်တပ်ရပ်နေတဲ့ ဒေါ်တင်နွယ်ဦး ဘာများဆက်မေးချင်သေးပါသလဲ။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်)။** ။ ဆက်စပ်မေးခွန်းထပ်မေးထပ်မေးခွင့်ပြုပါ ဥက္ကဋ္ဌကြီးရှင်။ ဥက္ကဋ္ဌကြီးရှင်။ အခုဒုတိယဝန်ကြီးပြောသွားတဲ့အထဲမှာ ရေနံဈေးဟာ ၄၇ ဒေါ်လာတောင်ဖြစ်သွားပြီ။ ၁၁၀ ကနေ။ ကျွန်မမေးတာကလည်း ရေနံဈေးဟာ ၅၀ ရာခိုင်နှုန်းကျတယ်လို့မေးတာ။ ဝန်ကြီးပြောတာ ရေနံဈေးက ပိုတောင်ကျသွားပါသေးတယ်။ အဲ့တော့ကမ္ဘာ့ရေနံဈေးတွေ ထိန်းချုပ်တာတွေမပါဘဲနဲ့ ကျွန်မတို့တိုင်းပြည်အတွက် ကိုယ်ပေးတဲ့ပိုက်ဆံထက်ညီမျှတဲ့သုံးစွဲတဲ့ငွေကြေးနဲ့ လျော်ကန်တဲ့ပစ္စည်းရဖို့အရေးကြီးပါတယ်။ အခုက ရေနံဈေးတက်တဲ့အတွက်ကြောင့်မို့လို့ ကုန်ပစ္စည်းတွေ၊ ဈေးနှုန်းတွေ၊ ဈေးကြီးမြင့်နေတာဖြစ်ပါတယ်။ အဲ့တော့ကျွန်မပြောတာက ကျွန်မတို့ဆီမှာ ဘာကြောင့် ဓာတ်ဆီဈေးမကျတာလဲလို့ မေးတာရှင်းရှင်းလေးပါပဲ။ ၅၀ ရာခိုင်နှုန်းကျတာကို ဘာကြောင့် ကျွန်မတို့ရဲ့ ဓာတ်ဆီဈေးမကျတာလဲလို့မေးတာပါ။ အဲ့ဒီတော့ ပြောရမယ်ဆိုရင် အခုပြီးခဲ့တဲ့ တစ်လလောက်က အနည်းငယ်လေးပဲ ဓာတ်ဆီဈေးကကျပါတယ်။ အဲ့ဒါကို ကျွန်မနှိုင်းယှဉ်ပြောတာ ရှုပ်သွားလားမသိဘူး။ ဒေါ်လာဈေးကလည်းတတ်တယ်။ ဓာတ်ဆီဈေးကလည်းကျတယ်။ ဒေါ်လာဈေးက ၁၅ ရာခိုင်နှုန်းတတ်တယ်ဆိုတော့ ဓါတ်ဆီသမားက ၅၀ ရာခိုင်နှုန်းမချတာတောင် ၃၅ ရာခိုင်နှုန်းလောက်ဈေးချရမယ်ဆိုတဲ့သဘောကိုပြောတာပါ။ အဲ့ဒီတော့ တစ်ခါပြန်ကြည့်မယ်ဆိုလို့ရှိရင်

ဒီလိုဆိုအစကနေ ပြန်စရမယ်ဆိုသလို ဖြစ်ပါပြီ။ ၁၉၇၆ ခုနှစ်မှာတုန်းက အစိုးရလုပ်ငန်းတွေကို ဒီလိုပဲ Indepent လုပ်ခိုင်းတဲ့အခါမှာ ပုဂ္ဂလိကလုပ်ငန်းတွေ လုပ်ခိုင်းတဲ့အခါမှာ နဂိုရည်ရွယ်တဲ့အတိုင်း ဖြစ်မလာဘူး။ ဖြစ်မလာတဲ့အခါမှာ အစိုးရကတစ်ခါ အဲ့ဒီတုန်းက စုံစမ်းစစ်ဆေးရေးကော်မရှင်တွေဖွဲ့ရပါတယ်။ ကော်မတီတွေ၊ ကော်မရှင်တွေဖွဲ့ခဲ့ရပါတယ်။ အဲ့ဒီတော့ ၁၉၆၂ မတိုင်ခင်တုန်းက အစိုးရဆုံးဖြတ်ချက်နဲ့မလုံလောက်ဘူးဆိုရင် ပါလီမန်ကိုတင်။ ကျွန်မတို့အခုလွှတ်တော်ရှိသလိုပဲ အဲ့ဒီတုန်းက ပါလီမန်ရှိပါတယ်။ ပါလီမန်ကိုတင်ပြီးတော့ အက်ဥပဒေကိုပြန်ပြီးတော့ တင်သွင်းရတဲ့သာဓကတွေရှိခဲ့ပါတယ်။ အဲ့ဒါကြောင့်မို့လို့ တကယ့်တကယ်ကြတော့ ဒီ Operation နဲ့ပတ်သက်ပြီးတော့ Efficiency မဖြစ်ဘူးဆိုလျှင် အခုလောလောဆယ် စက်သုံးဆီရောင်းချရေးအဖွဲ့ဆိုတာကို ပြန်ပြီးတော့ ထိန်းချုပ်ဖို့အတွက် စက်သုံးဆီနဲ့ပတ်သက်တဲ့ ဒီ Regulatory ကော်မတီတစ်ခုဖွဲ့ဖို့ သင့်ပါတယ်။ Regulatory ကော်မတီဖွဲ့ဖို့အတွက်က သူက Independent Body ဖြစ်ရမယ့်ကော်မတီတစ်ခုဖွဲ့သင့်ပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြောကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဦးအောင်ထူး(ဒုတိယဝန်ကြီး၊ စွမ်းအင်ဝန်ကြီးဌာန)**။ ။ ခုနက ကျွန်တော်လလည်း အချို့အချက်အလက်လေးတွေကို အကျဉ်းချုပ်ပြီး တင်ပြသွားတဲ့အတွက် မပါခဲ့တာလေးတွေကို ထပ်ဖြည့်စွက်ပြီးတော့ ကျွန်တော်ပြန်တင်ပြလိုပါမယ်။ ဒီမြန်မာနိုင်ငံမှာ ရေနံ Product နဲ့ပတ်သက်ပြီးတော့ ဈေးနှုန်းမကျတဲ့ ကိစ္စလေးတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ကတော့ ဒီပြည်ပမှရေနံစိမ်းကို ချိုသာတဲ့ဈေးနှုန်းနဲ့ဝယ်ယူရရှိသော်လည်း လက်လီဖြန့်ဖြူးမှုဈေးနှုန်းဟာ အခြားနိုင်ငံများထက် မြင့်မားနေခြင်းကို ကျဆင်းအောင် ပုဂ္ဂလိက ရေနံထွက်ပစ္စည်းရောင်းဝယ်တဲ့ကုမ္ပဏီတွေနဲ့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုညှိနှိုင်းဆောင်ရွက်မှုလို့လည်းပဲ ကျွန်တော်တို့ ဒီရိုးရိုးဓာတ်ဆီဟာ အရင်တုန်းကတစ်ဂါလန်ကို ၄၂၀၀ ကနေပြီးတော့ အခု ၃၀၀၀၊ ၃၂၀၀ နဲ့ရောင်းနေတာတွေလည်း ရှိပါတယ်။ ရိုးရိုးဒီဇယ်ပါ။ Premium ဒီဇယ်ကိုအရင် ၄၈၀၀၊ ၅၀၀၀ ရောင်းနေတာကို အခုတစ်ဂါလန်ကို ၃၄၀၀၊ ၃၅၀၀ နဲ့ လျှော့ရောင်းနေပါပြီ။ 92 RON ကလည်း ၄၁၀၀နဲ့ ၄၂၀၀ ယခင်ရှိတာ တစ်ဂါလန်ကို အခု ၂၇၀၀ နဲ့လျှော့ရောင်းနေကြတာရှိနေတဲ့ အခြေအနေတွေရှိပါတယ်။ တစ်ဖက်မှာလည်းပဲ ကျွန်တော်တို့ ပုဂ္ဂလိက ကုမ္ပဏီများရောင်းချတဲ့အရည်အသွေး၊ သူတို့ဈေးနှုန်းကို ကမ္ဘာ့ဈေးနှုန်းပြောင်းလဲမှုနှင့် ညီညွတ်အောင်ယှဉ်ပြိုင်ရောင်းချနိုင်ဖို့အတွက်လည်း ကျွန်တော်တို့ စွမ်းအင်ဝန်ကြီးဌာနက မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဟာ ပြည်ပရေနံကုမ္ပဏီအချို့နဲ့

အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးကိုလည်း ကျွန်တော်တို့ ဆန်းစစ်လေ့လာနေကြောင်း ကျွန်တော် ဖြေကြားအပ်ပါတယ်။

**ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များအား နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေများအဖြစ် ဖွဲ့စည်းသတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)။** ။ လေးစားရပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ ဆောင်ရွက်ရာမှာ လက်ရှိအချိန်အထိ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ နယ်စပ်ဒေသဖွံ့ဖြိုး ရေးစီမံကိန်းမှ အကျုံးဝင်တဲ့ မြို့နယ်စုစုပေါင်း ၇၃ မြို့နယ်ဖြစ်ပြီးတော့ ရှမ်းပြည်နယ်မှာ ၃၀ မြို့နယ် ဖြစ်ကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသ ကိုးမြို့နယ်မှာ တောင်ကြီး၊ ညောင်ရွှေ၊ မောက်မယ်၊ ဖယ်ခုံ၊ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်း၊ ပင်းတယနှင့် ရွာငံတို့ဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမြို့နယ်များဖြစ်တဲ့ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်များနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ ပင်းတယ၊ ရွာငံမြို့နယ်များအတွက် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဝင်များအနေနဲ့ ကိုယ်တိုင်စီမံချက်ရေးဆွဲကာ ရှမ်းပြည်နယ်ဘတ်ဂျက်၊ ပြည်ထောင်စုဘတ်ဂျက်သို့ ခွဲဝေ တင်ပြတောင်းဆို သုံးစွဲခဲ့ကြကြောင်း သိရှိရပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ တောင်ကြီး၊ ညောင်ရွှေ၊ ဟိုပုန်း၊ ဆီဆိုင်၊ ပင်လောင်း အစရှိတဲ့မြို့နယ်များမှာ ၁၉၈၉ ခုနှစ်မှစပြီးတော့ နယ်စပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်ခဲ့ရာ ထိုက်သင့်သလောက် ဖွံ့ဖြိုးမှုရလဒ် များရနေပြီဖြစ်ပါတယ်။ ဒါပေမယ့် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များမှ ဖွံ့ဖြိုး တိုးတက်မှု အလွန်နှောင့်နှေးနေပြီး အဆိုပါခရိုင်နှစ်ခုအတွင်း ဖွံ့ဖြိုးရေးအဖွဲ့ အစည်းများအခြေပြု ဒေသများအတွက်သာ လက်နက်နှင့်ငြိမ်းချမ်းရေးခေါင်းစဉ်ဖြင့် ထိုက်သင့်တဲ့ ရန်ပုံငွေအချို့ကို သုံးစွဲ ခွင့်ရပြီး ခရိုင်အတွင်း မြို့နယ်အများစုမှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း မြို့နယ်များမှာ အကျုံး မဝင်လို့ နယ်စပ်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် အခက်အခဲကြုံတွေ့နေရပါတယ်။ ယခုလက်ရှိ အချိန်မှာ အေးချမ်းတည်ငြိမ်တဲ့ မြို့နယ်များဖြစ်နေပြီဖြစ်၍ နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်း နယ်မြေအား ကွန်ဟိန်းမြို့နယ်အပါအဝင် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များအား

တိုးချဲ့ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ဖြစ်ပါသောကြောင့် ရှမ်းပြည်နယ် (တောင်ပိုင်း)အတွင်း အတွင်းပိုင်းဝေးလံခေါင်းပါးသည့် ဒေသဖြစ်တဲ့ လွိုင်လင်ခရိုင်၊ လေးခေးခရိုင် အတွင်းရှိ မြို့နယ်များကို ဖွံ့ဖြိုးရေးအထူးပြုလုပ်ပေးသောနယ်မြေအဖြစ် သတ်မှတ်ပြုလုပ်ဆောင်ရွက် ပေးပါမည်လား။ ၁၉၈၉ ခုနှစ်ကတည်းက သတ်မှတ်ထားသည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရန် နယ်မြေအားကွန်ဟိန်းမြို့နယ် အပါအဝင် လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်ရှိမြို့နယ်များအား အမြန်ဆုံးတိုးချဲ့ ပြောင်းလဲပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုပါတယ်။ အစီအစဉ်ရှိသည်ဟုဆိုပါက မည်သည့်အချိန်တွင် တိုးချဲ့ပြောင်းလဲပြင်ဆင်သတ်မှတ် ပေးပါမည်နည်း။ မရှိဟုဆိုပါက အဘယ်ကြောင့်နည်း။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်တင်အောင်ချစ်(ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေါ်နန်းဝါနုရဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ မြို့နယ်များအား နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းနယ်မြေများအဖြစ် ဖွဲ့စည်းသတ်မှတ်ပေးနိုင်ခြင်းရှိ/မရှိ ဆိုတဲ့ မေးမြန်း ချက်ကို ဝန်ကြီးဌာနကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန်အတွက် အထူးဒေသ ၁၉ ခု၊ မြို့နယ် ၇၃ မြို့နယ်တို့ကို ၁၉၉၀ ပြည့်နှစ် အခြေအနေ၊ ပထဝီအနေအထားများအပေါ်မူတည်ပြီး အတည်ပြုသတ်မှတ်ခဲ့ပါတယ်။ သို့ပါသော် လည်း ယခုအခါ ဖွံ့ဖြိုးရေးဒေသအဖြစ် သတ်မှတ်ခဲ့သည့်မြို့နယ်များစာရင်းတွင် ပါဝင်ခြင်းမရှိသော် လည်း ဒေသလိုအပ်ချက် တင်ပြလာမှုများအပေါ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လွိုင်လင်ခရိုင်အတွင်း လွိုင်လင်မြို့နယ်၊ လဲချားမြို့နယ်၊ နမ့်စန်မြို့နယ်၊ ကွန်ဟိန်းမြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းကိုင်မြို့နယ်နှင့် မိုင်းရှူးမြို့နယ်များ၊ လင်းခေး ခရိုင်အတွင်း လင်းခေးမြို့နယ်၊ မိုးနဲမြို့နယ်၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်များတွင် နယ်စပ်

ဒေသဖွံ့ဖြိုးရေးရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ လွိုင်လင်ခရိုင်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ လမ်းတံတား၊ စိုက်ပျိုးရေး၊ စွမ်းအင်၊ ပြည်သူ့ဆက်ဆံရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ အိမ်ရာဆောက်လုပ်ရေး စသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် ရန်ပုံငွေကျပ် ၃၅၄၅.၁၈၇ သန်းနှင့် လင်းခေးခရိုင်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ လမ်းတံတား၊ ပညာရေး၊ သာသနာရေး၊ စွမ်းအင်၊ ရေရရှိရေး၊ အိမ်ရာဆောက်လုပ်ရေးစသည့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် ရန်ပုံငွေကျပ် ၂၄၂၃.၄၁၂ သန်း စုစုပေါင်းရန်ပုံငွေကျပ် ၅၉၆၈.၅၉၉ သန်း သုံးစွဲဆောင်ရွက်ပေးပြီးကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် လွိုင်လင်ခရိုင်အတွင်း အခြားဝန်ကြီးဌာနများမှ အဆင့်မြင့်ပညာရေးကဏ္ဍအနေဖြင့် ပင်လုံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(ပင်လုံ)၊ ကွန်ပျူတာတက္ကသိုလ်(ပင်လုံ)နှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)တို့ကို ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခြေခံပညာရေးကဏ္ဍအနေဖြင့်လည်း အခြေခံပညာအထက်တန်းကျောင်း လေးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၃ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း ၉၉ ကျောင်း တိုးတက်ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ ကျန်းမာရေးကဏ္ဍအနေဖြင့် လွိုင်လင်ခရိုင်အတွင်း ခုတင်(၂၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင်(၁၀၀)ဆံ့ ဆေးရုံတစ်ရုံ၊ (၂၅)ခုတင်ဆံ့ ဆေးရုံရှစ်ရုံ၊ (၁၆) ခုတင်ဆံ့ ဆေးရုံငါးရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၁၉ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၈၄ ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန ကိုးခု တိုးချဲ့ဖွင့်လှစ်ထားရှိကြောင်း သိရှိရပါတယ်။ ကျေးလက်မီးလင်းရေးဆောင်ရွက်နေမှုအခြေအနေမှာ လွိုင်လင်ခရိုင်အတွင်း ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ မီးလင်းသည့်ကျေးရွာမှာ ၁၈၂ ရွာရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အထိ မီးလင်းသည့်ကျေးရွာ ၂၀၃ ရွာဖြစ်တဲ့အတွက်ကြောင့် ကျေးရွာ ၂၁ ရွာအား မီးလင်းရရှိရေး တိုးတက်ဆောင်ရွက်နိုင်ကြောင်း တင်ပြအပ်ပါတယ်။

လမ်းတံတားများအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ လွိုင်လင်ခရိုင်အတွင်း ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ၁၂ ပေအကျယ်ကတ္တရာလမ်း ၂၂၇ မိုင် ၃ ဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၃၃ မိုင်၊ ၂၈ ပေအကျယ် ကတ္တရာလမ်း ၇ မိုင်၊ အမာခံတံတား ၁၀၆ စင်း၊ ပေ ၁၈၀ အထက် ကွန်ကရစ်တံတား နှစ်စင်း၊ ပေ ၁၈၀ အောက်ကွန်ကရစ်တံတား ၁၄၀ စင်း၊ ရေပြွန်

၁၀၄၁ ခု၊ ဘေလီတံတား တစ်စင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ လွိုင်လင်ခရိုင်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှာ ကျောက်ချောလမ်း ၁၉.၃ မိုင်၊ မြေသားလမ်း ၁၁ မိုင်၊ ကွန်ကရစ်တံတား ခြောက်စင်း၊ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း ၄၂ ခု၊ အဝီစီတွင်းနက် ရှစ်တွင်း၊ 10 KV ရေအားလျှပ်စစ် ၇၃ ခု၊ ဆိုလာမီးလင်းရေး ၁၃၄၉ ယူနစ် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ လွိုင်လင်ခရိုင်အတွင်း ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှုမှာ အော်တိုတယ်လီဖုန်း ၂၇၆၄ လုံး၊ မိုဘိုင်းဖုန်းတပ်ဆင် ထားရှိမှု CDMA 450 ၂၆၅၈ လုံး၊ GSM/WCDMA ၅၁၈၄ လုံး၊ CDMA 800 MEC ၉၇၁၆၈ လုံး တိုးချဲ့တပ်ဆင်နိုင်ခဲ့ကြောင်း သိရှိရပါတယ်။ လင်းခေးခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အခြားဝန်ကြီးဌာန များမှ လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လမ်း၊ တံတားခွင့်ပြုငွေ ကျပ် ၁၇၁၆၁.၆၅ သန်း၊ ပြည်နယ်ဒေသဆိုင်ရာကော်မတီရုံးမှ လမ်း၊ တံတား၊ ရေ၊ မီးလုပ်ငန်းများ ခွင့်ပြုရန်ပုံငွေကျပ် ၂၉၃၇ သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လမ်း၊ တံတားလုပ်ငန်းများမှာ ခွင့်ပြုငွေကျပ် ၆၃၃.၃၇၂ သန်း၊ ဆည်မြောင်းဦးစီးဌာနမှ မိုးနဲမြို့တွင် တမလန်းဆည် တည်ဆောက်ရေးလုပ်ငန်းများမှ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၅၀၀၊ ရှမ်းပြည်နယ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ လင်းခေးမြို့နယ်၊ ဒါးဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းအတွက် ခွင့်ပြုငွေကျပ် ၁၅၆.၂၆၉ သန်း၊ ပညာရေးဌာနမှ ခရိုင်အတွင်းရှိ အခြေခံပညာကျောင်း ၁၄ ကျောင်း ဆောက်လုပ်ရန် ခွင့်ပြုငွေကျပ် ၅၈၉.၈ သန်း၊ ကျန်းမာရေးဌာနမှ ကျေးလက်ကျန်းမာရေးဌာန အဆောက်အဦများ ဆောက်လုပ်ရန် ခွင့်ပြုငွေကျပ် ၁၀၅ သန်း၊ မီးသတ်ဦးစီးဌာနမှ အဆောက် အဦများဆောက်လုပ်ရန် ခွင့်ပြုငွေကျပ် ၆၀၀ သန်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ အဆောက်အဦများ ဆောက်လုပ်ရန် ခွင့်ပြုငွေကျပ် ၁၅၅.၅ သန်း၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စက်တပ်ဆင်အင်အား ၅၁ မဂ္ဂါဝပ် အထက်ကျိုင်းတောင်း ရေအားလျှပ်စစ် စီမံကိန်း ၂၀၁၄-၂၀၁၅ ခွင့်ပြုငွေ ရန်ပုံငွေကျပ် ၄၉၅.၉၅၆ သန်း စုစုပေါင်း ၂၃၃၃၄၅.၅၄၇ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်း နယ်စပ်ရေးရာဝန်ကြီး ဌာနနှင့် အခြားဝန်ကြီးဌာနများမှ စုစုပေါင်းရန်ပုံငွေကျပ် ၂၃၉၃၁၄.၁၄၆ သန်းဖြင့် လုပ်ငန်းဆောင်ရွက် လျက်ရှိပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်မှာတင်ပြခဲ့တဲ့ အချက်အလက်များကို ကြည့်ရှုသုံးသပ်မည်ဆိုပါက နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းနယ်မြေ ဖွဲ့စည်းသတ်မှတ်ခြင်းလုပ်ငန်းစဉ်များကို ၁၉၉၀ ပြည့်နှစ်ပတ်ဝန်းကျင်က စီမံဆောင်ရွက်ခဲ့တဲ့လုပ်ငန်းစဉ်များဖြစ်ပါကြောင်းနှင့် ယခုအခါ လက်ရှိအစိုးရ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အညီ ပြည်သူဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို ဒေသ၏ ပကတိလိုအပ်ချက်နှင့် ပြည်သူများ၏တင်ပြချက်၊ လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက် သက်ဆိုင်ရာကော်မတီသုံးရပ်၏ တင်ပြချက်များအပေါ် အခြေခံ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းစဉ်များကို ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် အသီးသီးတာဝန်ယူ အကောင်အထည်ဖော်လျက်ရှိတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်အညီ ဝန်ကြီးဌာန၏ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များကို ခေတ်ကာလနှင့်အညီ လိုက်လျောညီထွေမှုရှိရေး ပြင်ဆင်ဖွဲ့စည်းလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ယခင် ပြည်နယ်/တိုင်းဒေသကြီး အချို့တွင်သာ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများကိုဖွင့်လှစ်နိုင်ခဲ့သော်လည်း ယခုအခါ ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ခရိုင်အဆင့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ မြို့နယ်အဆင့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများကို ဝန်ထမ်းဖွဲ့စည်းပုံအင်အားပြောင်းလဲမှုမရှိစေဘဲ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ ဖြစ်ပေါ်လာမည့် ခရိုင်အဆင့်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများတွင် လင်းခေးခရိုင်နှင့် လွိုင်လင်ခရိုင်ရုံးများ ပါဝင်လာမှာဖြစ်ပြီး မြို့နယ်အဆင့် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများတွင် မောက်မယ်၊ မိုင်းပန်၊ မိုင်းကိုင်၊ ကွန်ဟိန်းမြို့နယ်ရုံးများပါဝင်လာမည်ဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်တွင်ပါဝင်သည့် ဒေသများရဲ့ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို ပိုမိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံပြင်ဆင်ရေးလုပ်ငန်းများကိုလည်း အတည်ပြုသတ်မှတ်နိုင်ရေး စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် တင်ပြထားပြီးဖြစ်ရာ အဆိုပါဖွဲ့စည်းပုံကိုအတည်ပြုပြီးပါက ဒေသအခြေအနေအရ လစာနှစ်ဆရဒေသများအဖြစ် သတ်မှတ်ထားသည့် မြို့နယ်၊ မြို့နယ်ခွဲ ၁၁၀ သည် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းမြို့နယ်များအဖြစ် အကျုံးဝင်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်း လင်းခေးမြို့နယ်၊ ဟိုမိန်းမြို့နယ်ခွဲ၊ မောက်မယ်မြို့နယ်၊ မိုင်းပန်မြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုင်းနောင်မြို့နယ်၊ မိုင်းကိုင်မြို့နယ်နှင့် ကျိုင်းတောင်းမြို့နယ်တို့သည် နယ်စပ်ဒေသဖွံ့ဖြိုးရေးဒေသများအဖြစ် ပါဝင်လာမှာဖြစ်ပါတယ်။ သို့ရာတွင် အဆိုပါနယ်စပ်

ဒေသဖွံ့ဖြိုးရေးဒေသများစာရင်းတွင် မပါဝင်သည့်မြို့နယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို လည်း အထက်တွင် ရှင်းလင်းပြသခဲ့သည့်အတိုင်း ဒေသ၏ပကတိလိုအပ်ချက်၊ ဒေသခံပြည်သူများ၏ တင်ပြချက်၊ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်လမ်းညွှန်ချက်၊ တာဝန်ရှိသူများ၏ ကွင်းဆင်းတွေ့ရှိ ချက်၊ လွှတ်တော်ကိုယ်စားလှယ်အသီးသီး၏ တင်ပြချက်၊ သက်ဆိုင်ရာကော်မတီသုံးရပ်၏ တင်ပြချက် အပေါ် အခြေခံ၍ ရန်ပုံငွေခွင့်ပြုဝင်ဆံ့နိုင်မှုအပေါ် အခြေတည်၍ ထည့်သွင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သနပ်ပင်မြို့နယ်နှင့် ဝေါမြို့နယ်များရှိ ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပေးရန်နှင့် တိမ်ကော နေသော ချောင်း၊ မြောင်းများအား တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လူကြီး မင်းများအားလုံး မင်္ဂလာပါခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်း၊ သနပ်ပင်နဲ့ ဝေါမြို့နယ်မှာရှိတဲ့ ပဲခူး-စစ်တောင်းတူးမြောင်းကို အဆင့်မြှင့်တင်ပြုပြင်ပေးခြင်းနဲ့ ဆက်စပ်တူးမြောင်း တချို့ကို ပြုပြင်တူးဖော်ပေးခဲ့တဲ့အတွက် စိုက်ပျိုးရေနဲ့ လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်လာလို့ ဒေသခံပြည်သူတွေက ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြပါတယ်။ အဲဒီပဲခူး-စစ်တောင်းတူးမြောင်းနဲ့ ဆက်စပ်ပြီးတော့ ကျန်နေတဲ့ တိမ်ကောချောင်းတွေနဲ့ အခြားတိမ်ကောချောင်းတွေကို ဆက်လက်ပြုပြင် တူးဖော်ပေးဖို့ လိုအပ်တဲ့နေရာတွေမှာ ရေတံခါးငယ်တွေတည်ဆောက်ပေးဖို့နဲ့ ပဲခူး-စစ်တောင်း တူးမြောင်းတာဘောင်တာရိုးရဲ့ ဆန့်ကျင်ဘက်ခြမ်းမှာ ကမ်းပါးပြိုနေတဲ့နေရာတွေနဲ့ ရေလွှမ်းတဲ့နေရာ တွေကိုပါ လိုအပ်သလိုပြုပြင်ဆောင်ရွက်ပေးရန် ဒေသခံပြည်သူတွေက တင်ပြကြပါတယ်။ အဲ့ဒီတင်ပြ ချက်တွေကို ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် တောင်သူလယ်သမားတွေအတွက် စိုက်ပျိုးရေရရှိရေးနဲ့ ရေကြီးနစ်မြုပ်မှုကိုပါ တစ်စုံတစ်ရာကာကွယ်ပေးနိုင်မှာဖြစ်သလို လမ်းပန်းဆက်သွယ်ရေး၊ ကုန်ထုတ် လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုရေးတွေပါ အလွန်အကျိုးဖြစ်ထွန်းမှာဖြစ်ပါတယ်။ ပြုပြင် တည်ဆောက်ပေးဖို့လိုအပ်တဲ့ တိမ်ကောချောင်းတွေနဲ့ ရေတံခါးငယ်တွေကတော့ (၁) တမာကွန်းရိုး ၂ မိုင်ခန့်၊ (၂) မောင်မခေါ်ရိုး ၃ မိုင်ခန့်၊ (၃) ဆားကျင်းရိုး ၃ မိုင်ခန့်၊ (၄) ထန်းသုံးပင် လေးအိမ်စုရိုး ၂ မိုင်ခန့်၊ (၅) စက္ကုရှရိုး ၄ မိုင်ခန့်၊ (၆) ကမာဘာဘုရားငုတ်ရိုး ၁ မိုင်ခန့်၊ (၇) ခရာစုရိုး ၄ မိုင်ခန့်၊ (၈)

မခိုင်ရိုး/မမျိုးရိုး၊ လှည်းတန်းရိုး ၅ မိုင်ခန့်၊ (၉) စဥ့်အိုးဘို- အနောက်တံခွန်တိုင်ရိုး ၂ မိုင်ခန့်၊ (၁၀) ကျွန်းကြီး- အောက်သောင်လေး ၅ မိုင်ခန့်၊ (၁၁) ဖိုပဥ္စင်းလှချောင်းနှင့် ဆက်စပ်ချောင်း ၅ မိုင်ခန့်၊ (၁၂) ဝဲပြန်-ကျုံပါချောင်း ၃ မိုင်ခန့်၊ (၁၃) သာအေးချောင်း ၄ မိုင်ခန့်၊ (၁၄) မင်းရွာတာဝ-လောင်မီး ချောင်းဝ-ဥဂဏ်ကျွန်း-ကသစ်ဝိုင် ၁၀ မိုင်ခန့် ချောင်းဖြစ်၊ လမ်းဖြစ်၊ တာဖြစ် တူးပေးရန်နဲ့ လောင်မီး ချောင်းဝနဲ့ ဥဂဏ်ကျွန်းထိပ်တို့မှာ ရေတံခါးငယ်တစ်ခုစီ တည်ဆောက်ပေးရန်၊ (၁၅) ငါးကြီးဝင်း-ကမာ ဖရန်-ဖရဲ-စွန်ပိ-ပဲခူး-စစ်တောင်းတူးမြောင်းမှာတော့ ၈ မိုင်ခန့်နဲ့ ရေတံခါးငယ် နှစ်ခုပြုလုပ်ပေးရန်၊ (၁၆) ကျုံသလှရိုး ၆ မိုင်ခန့်၊ (၁၇) မိုးခိုင်ကြီးနဲ့နိဗ္ဗာန်ပေါက်တွင် ရေတံခါးငယ်တစ်ခုစီ တည်ဆောက် ပေးရန်နဲ့ (၁၈) ပဲခူး-စစ်တောင်းတူးမြောင်း တာဘောင်တာရိုးနဲ့ ဆန့်ကျင်ဘက်ခြမ်း ကမ်းပါးပြိုခြင်းနဲ့ ရေလွှမ်းတဲ့နေရာတွေဖြစ်တဲ့ ရေကျော်ကျေးရွာနဲ့ ငါးချဥ့်ပိုင်းမှ ခရမ်းကျေးရွာ မြောက်စွန်းအထိတို့ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား၊ အထက်မှာဖော်ပြခဲ့တဲ့ ပဲခူး-စစ်တောင်း တူးမြောင်းနဲ့ ဆက်စပ် တိမ်ကောချောင်းများ၊ အခြားချောင်းများ၊ ရေတံခါးငယ်များနဲ့ ကမ်းပါးပြိုရေလွှမ်းခြင်းများအား လိုအပ် သလို ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ကျော်ဝင်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီး များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်း နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန-(၁)မှ ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး၏ မေးခွန်းနဲ့ပတ်သက်ပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကိုယ်စား လေးစားစွာဖြေကြားသွားမှာဖြစ်ပါတယ်။ ခွင့်ပြုနိုင်ပါရန်လည်း ဥက္ကဋ္ဌကြီးထံ ပန်ကြားအပ်ပါ တယ်ခင်ဗျား။ သနပ်ပင်မြို့နယ်အတွင်းရှိ တမာတကွန်ရိုးမှာ ကျိုက်မင်းကလော့ကျေးရွာမှ စတင် စီးဆင်းလာပြီး ပဲခူး-စစ်တောင်းတူးမြောင်းအတွင်းသို့ စီးဝင်ပါတယ်။ ယခုအခါ အဆိုပါရိုးမှာ တိမ်ကော လာပြီး ကျိုက်မင်းကလော့ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေများမှာ ရေကြီးနစ်မြုပ်မှုနဲ့ ကြုံတွေ့နေရ ပါတယ်။ တမာတကွန်ရိုး တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ကျိုက်မင်းကလော့ ကျေးရွာ

အုပ်စုနဲ့ ခရမ်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၉၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာလာစေမည်ဖြစ်ပြီး ရေတော်မိုးတော် မိုးစပါးဧကများအဖြစ် ပြောင်းလဲတိုးတက် စိုက်ပျိုးလာနိုင်မည်ဖြစ်ပါတယ်။ တမာတကွန်ရိုးတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား ၂ မိုင်၊ မြေကြီး ၇၉၂၀ ကျင်းနဲ့ ခန့်မှန်းကုန်ကျငွေကျပ် ၁၈.၉၉၅ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် ပထမဦးစားပေးအစီအစဉ်ဖြင့် တင်ပြတောင်းခံပြီးဖြစ်ပါတယ်။

သနပ်ပင်မြို့နယ်အတွင်းရှိ မောင်မခေါ်ရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် ငါးကြီးဝင်းကျေးရွာအုပ်စုနှင့် ခရမ်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၁၀၀၀ အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်ပြီး ရေတော်မိုးတော် မိုးစပါးဧကအဖြစ် ပြောင်းလဲတိုးတက် စိုက်ပျိုးလာနိုင်မည်ဖြစ်ပါတယ်။ မောင်မခေါ်ရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား ၃ မိုင်၊ မြေကြီး ၂၉၉၄၀ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၇၀.၃၅၅ သန်းအား၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် ပထမဦးစားပေးအစီအစဉ်ဖြင့် တင်ပြတောင်းခံပြီးဖြစ်ပါတယ်။ ဆားကျင်းရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် မင်းရွာနှင့် ကျောင်းစုကျေးရွာအတွင်းရှိ လယ်မြေဧက ၉၃၁၆ ဧကခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာလာစေဖြစ်ပြီး ရေတော်မိုးတော် မိုးစပါးဧကများအဖြစ် ပြောင်းလဲတိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပါတယ်။ ဆားကျင်းရိုး တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား ၃ မိုင်ခန့်အနက် အလျား ၁.၅ မိုင်၊ မြေကြီး ၁၂၃၅၅ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၂၉.၂၄၅ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် ပထမဦးစားပေးအစီအစဉ်ဖြင့် တင်ပြတောင်းခံပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့ ၁.၅ မိုင်ကို မြေကြီး ၁၂၃၅၅ ကျင်း၊ ခန့်မှန်းငွေ ၃၁.၆၃ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ထန်းသုံးပင်လေးအိမ်စုရိုး တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် လေးအိမ်စုကျေးရွာနှင့် ခရမ်းကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၂၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာလာစေမည်ဖြစ်ပါတယ်။ ထန်းသုံးပင်လေးအိမ်စုရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား ၂ မိုင်အနက် အလျား ၁.၅ မိုင်၊ မြေကြီး ၁၂၃၅၅ ကျင်းနဲ့ ခန့်မှန်းကုန်ကျငွေ ၂၉.၂၄၅ သန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် ပထမဦးစားပေးအစီအစဉ်ဖြင့် တင်ပြတောင်းခံပြီးဖြစ်၍ ကျန်ရှိသည့် ၁.၅ မိုင်၊ မြေကြီး ၄၁၁၈ ကျင်းနဲ့ ခန့်မှန်းကုန်ကျငွေ ၁၀.၇၅ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ စကျွရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် ဖရဲ

ကျေးရွာ၊ စွန်ပိကျေးရွာနဲ့ သုံးခွကျေးရွာအုပ်စုများရှိ လယ်မြေဧက ၅၀၀ ခန့်အား ရေကြီးနစ်မြုပ်မှု လျော့ပါးသက်သာလာစေမည်ဖြစ်ပါတယ်။ စက္ကူရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား ၃ မိုင်အနက် အလျား ၁.၅ မိုင်၊ မြေကြီး ၅၉၄၀ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၁၄.၃၁၅ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးရန်ပုံငွေတွင် ပထမဦးစားပေးအစီအစဉ်ဖြင့် တင်ပြတောင်းခံပြီးဖြစ်ပါတယ်။ ကျန်ရှိသည့် ၁.၅ မိုင်၊ မြေကြီး ၅၉၄၀ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၁၅.၄၇၆သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ကမာဘာဘုရားငုတ်တိုရိုး တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ဘုရားငုတ်တိုကျေးရွာ၊ ကမာဘာကျေးရွာ၊ လောင်မီးကျေးရွာ၊ မင်းရွာကျေးရွာနဲ့ တာဝကျေးရွာအုပ်စုများရှိ လယ်ဧက ၅၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်ပါတယ်။ ဘုရားငုတ်တိုရိုးတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား ၁.၅ မိုင်၊ မြေကြီး ၇၀၆၃ ကျင်းနဲ့ ခန့်မှန်းကုန်ကျငွေ ၁၉.၆၆၁ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။

သနပ်ပင်မြို့နယ်အတွင်းရှိ ခရာစုရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် မင်းရွာကျေးရွာနဲ့ ညောင်သုံးခွကျေးရွာအုပ်စုများရှိ လယ်မြေဧက ၇၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်ပြီး ရေတော်မိုးတော် မိုးစပါးဧကများအဖြစ် ပြောင်းလဲတိုးတက်စိုက်ပျိုးလာနိုင်မည်ဖြစ်ပါတယ်။ ခရာစုရိုးတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား ၄ မိုင်၊ မြေကြီး ၂၅၁၂၀ ကျင်းနဲ့ ခန့်မှန်းကုန်ကျငွေကျပ် ၆၄.၁၅ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ကျိုက်ပဒိုင်ကြီး-မခိုင်ရိုး၊ ကျိုက်ပဒိုင်ကြီး-မမျိုးရိုးနဲ့ ကျိုက်ပဒိုင်ကြီး-လှည်းတန်းရိုးများ တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ကျိုက်ပဒိုင်ကြီးကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် ၁၁၄၄၊ ၁၁၄၅နဲ့ ကျိုက်ပဒိုင်လေး ကျေးရွာကွင်းအမှတ် ၁၁၄၂-င၊ ၁၁၄၃ တို့ရှိ လယ်မြေဧက ၂၃၀၀ ခန့်အား နွေစပါးစိုက်ပျိုးရေရရှိမှုအခက်အခဲမှ လျော့ပါးသက်သာလာစေမည်ဖြစ်ပါတယ်။ ၎င်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား ၂ မိုင်၊ မြေကြီး ၁၂၅၆၀ ကျင်းနဲ့ ခန့်မှန်းကုန်ကျငွေ ၂၉.၈ သန်း၊ ကျိုက်ပဒိုင်ကြီး-မခိုင်ရိုး တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား ၁.၅ မိုင်၊ မြေကြီး ၉၄၂၀ ကျင်းနဲ့ ခန့်မှန်း ကုန်ကျငွေ ၂၂.၄၁၅ သန်းနဲ့ ကျိုက်ပဒိုင်ကြီး-လှည်းတန်းရိုး တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန် အတွက် အလျား ၁.၅ မိုင်၊ မြေကြီး ၉၄၂၀ ကျင်းနဲ့ ခန့်မှန်းကုန်ကျငွေ ၂၂.၄၁၅ သန်း၊ စုစုပေါင်း အလျား ၅ မိုင်၊ မြေကြီး ၃၁၄၀၀

ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၇၄.၆၃ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေ(BE)တွင် ပထမဦးစားပေးအစီအစဉ်ဖြင့် တင်ပြတောင်းခံ ထားပြီးဖြစ်ပါတယ်။ စဉ့်အိုးဘို-အနောက်တံခွန်တိုင်ရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် စဉ့်အိုးဘိုကျေးရွာနှင့် အနောက်တံခွန်တိုင်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် ၁၁၅၁-က ကွင်းအမှတ်ရှိ လယ်မြေဧက ၁၆၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေမည်ဖြစ်ပါတယ်။ စဉ့်အိုးဘို-အနောက်တံခွန်တိုင်ရိုးတူးဖော်ခြင်းလုပ်ငန်းအား တည်ဆောက်ရေး (၁) ဆည်မြောင်းဦးစီး ဌာနမှ ၂၀၁၄-၂၀၁၅ ခုနှစ် ပဲခူး-စစ်တောင်းတူးမြောင်း အဆင့်မြှင့်တင်ပြုပြင်ခြင်းနှင့် ဆက်စပ်လုပ်ငန်း များ ရန်ပုံငွေ (သီးသန့်)မှ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါတယ်။ ကျွန်းကြီး-အောက်သောင်လေးရိုး တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် ကျွန်းကြီးကျေးရွာအုပ်စုနှင့်အောက် သောင်လေးကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၂၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ သက်သာစေမည်ဖြစ်ပါတယ်။ ကျွန်းကြီး-အောက်သောင်လေး တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား ၅ မိုင်၊ မြေကြီး ၂၅၃၃၄ ကျင်းနဲ့ ခန့်မှန်းကုန်ကျငွေ ၆၄.၈၅၇ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (RE) တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ဖိုးပဍွင်းလှချောင်းနှင့် ဆက်စပ်ချောင်းများ တူးဖော်ခြင်း လုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် သနပ်တန်းကျေးရွာ၊ ကြီးပင်စုကျေးရွာနဲ့ ကျုံပါကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၂၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာ စေမည်ဖြစ်ပါတယ်။ ဖိုးပဍွင်းလှချောင်းနှင့် ဆက်စပ်ချောင်းများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အလျား ၅ မိုင်၊ မြေကြီး ၄၉၉၀၀ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၁၂၆.၆၇ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေး နှစ်တွင် တိုင်းဒေသကြီး ရန်ပုံငွေ (RE) တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ဝဲပြန်-ကျုံပါချောင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ကျုံပါကျေးရွာနဲ့ဝဲပြန်ကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၂၃၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှလျော့ပါးသက်သာစေမည်ဖြစ်ပါတယ်။ ဝဲပြန်-ကျုံပါချောင်းအား (အထက်ပါကျုံပါ-ရွှေလေးစုချောင်း) တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား ၃ မိုင်၊ မြေကြီး ၂၉၉၄၀ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၇၆.၁၂၅ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) တွင်တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်။ သာအေးချောင်းတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် နတ်ရေကန်ကျေးရွာအုပ်စုအတွင်းရှိ ကွင်းအမှတ် ၉၂၀-၉၂၃ ရှိ လယ်မြေဧက ၁၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှလျော့ပါးသက်သာ စေမည်ဖြစ်ပါတယ်။ သာအေးချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား ၄ မိုင်၊

မြေကြီး ၃၉၉၂၀ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၁၀၁.၃၉၅ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ RE တွင်တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ မင်းရွာ-တာဝ-လောင်မီး ချောင်း-ညဏ်ကျွန်း-ကသစ်ဝိုင်(ဘေးပေါက်ဘလောက်ချောင်းမှ မင်းရွာကုက္ကိုလ်ရေနုတ်မြောင်းအထိ) မြောင်းအဖြစ်၊ လမ်းအဖြစ်၊ တာအဖြစ် ၁၀ မိုင်ခန့်ဆောင်ရွက်ပေးနိုင်ရေးလုပ်ငန်းမှာ ရေရှည် ဆက်သွယ်ရေးလမ်းအဖြစ် အသုံးပြုနိုင်ရန်အတွက် တာထိပ်အကျယ် ၁၄ ပေ ထားရှိရမည်ဖြစ်ပြီး တာလမ်းကြောင်း ရွေးချယ်ခြင်း၊ မြေပြင်တိုင်းတာမှုများဆောင်ရွက်ရန်လိုခြင်း၊ ဆောင်ရွက်မည့်လုပ်ငန်း ပမာဏတွက်ချက်၍ ဖို့မြေယူရမည့်မြေနေရာရွေးချယ်တွက်ချက်ခြင်းတို့ကို ဦးစွာ ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ တာဖို့မည့်နေရာတွင် ပါဝင်သွားမည့်လယ်မြေများအတွက် နစ်နာဆုံးရှုံးသွားမည့် လယ်မြေ ဧကနှင့် လယ်သမားဦးရေစာရင်းကောက်ခံခြင်းအတွက် ဆွေးနွေးခြင်းတို့ကို သက်ဆိုင်ရာမြို့နယ် အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ပါတယ်။ မင်းရွာ-တာဝ-လောင်မီးချောင်းဝ-ကသစ်ဝိုင် တာဖို့ခြင်းလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်တွင် လောင်မီးချောင်းဝတွင် ရေတံခါးပေါက်တစ်ခုနဲ့ ညဏ်ကျွန်းချောင်းထိပ်တွင် ရေတံခါးပေါက်တစ်ခု ပြုလုပ်ရမည်ဖြစ်၍ တည်ဆောက်မည့်နေရာများ အား အသေးစိတ်ကွင်းဆင်းတိုင်းတာပြီး တွေ့ရှိချက်များပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ စွန်ပိချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးခြင်းဖြင့် ငါးကြီးဝင်း၊ ကမာဖရန်၊ ဖရဲ၊ စွန်ပိကျေးရွာအုပ်စုအတွင်းရှိ လယ်မြေဧက ၈၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေ မည်ဖြစ်ပြီး ရေတော်မိုးတော် မိုးစပါးဧကများအဖြစ် ပြောင်းလဲတိုးတက် စိုက်ပျိုးလာနိုင်မည်ဖြစ်ပါ တယ်။ စွန်ပိချောင်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အလျား ၁၂ မိုင်၊ မြေကြီး ၁၁၉၇၅၅၀ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၃၀၄.၀၉၉ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ရန်ပုံငွေ RE တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ သနပ်ပင်မြို့နယ် နွေစပါးရေရရှိရေးအတွက် စွန်ပိကျေးရွာအနီး နွေစပါးချောင်းပိတ်တာတမံတစ်ခုအား နှစ်စဉ်ဆောင်ရွက်ရပါသည်။ အဆိုပါတမံမှ ဖို့မြေယူရန်အတွက် မြေရှားပါးလာခြင်းကြောင့် ရေတံခါးပေါက်တစ်ခု ပြုလုပ်ပေးရန် လိုအပ်မည် ဖြစ်ပါ၍ အသေးစိတ်ကွင်းဆင်းတိုင်းတာပြီး တွေ့ရှိချက်များအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ပါတယ်။ ကျုံသလှရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းဖြင့် မိုးခိုင်လေး ကျေးရွာနှင့်ကျိုက်မဲကျေးရွာအတွင်းရှိ လယ်မြေဧက ၁၀၀၀ ခန့်အား ရေကြီးနစ်မြုပ်မှုမှ လျော့ပါး သက်သာစေမည်ဖြစ်ပါသည်။ ကျုံသလှရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် အလျား ၆ မိုင်၊ မြေကြီး ၃၇၅၀၀ ကျင်းနှင့် ခန့်မှန်းကုန်ကျငွေ ၉၅.၆၀၆ သန်းအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်

တိုင်းဒေသကြီးရန်ပုံငွေ (RE) တွင်တင်ပြတောင်းခံသွားမည်ဖြစ်ပါတယ်။ ယော့ကော်ချောင်းပေါ်တွင် ရေတံခါးငယ်တစ်ခုနဲ့ ကျောင်းရိုးတွင် ရေတံခါးငယ်တစ်ခု ပြုလုပ် တပ်ဆင်ပေးခြင်းအားဖြင့် ဒေသခံပြည်သူများမှာ စိုက်ပျိုးစရိတ်သက်သာလာမည်ဖြစ်ပြီး နွေစပါးစိုက်ပျိုးရာတွင် စိုက်ပျိုးရေကို အချိန်နှင့်တစ်ပြေးညီ သိုလှောင်ထားရှိနိုင်မည်ဖြစ်ပါသည်။ အဆိုပါ ရေတံခါးငယ်များ တည်ဆောက်နိုင်ရန်အတွက် အသေးစိတ်ကွင်းဆင်းတိုင်းတာပြီး လေ့လာတွေ့ရှိချက်များအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။ ပဲခူး-စစ်တောင်း တူးမြောင်းတာ၏ ဆန့်ကျင်ဘက်အခြမ်းတွင် ကမ်းပါးပြိုခြင်းနှင့် ရေလွှမ်းသည့် နေရာများဖြစ်သော ငါးချဉ်ဝိုင်းမှ သုံးခွကျေးရွာအထိ ၁.၃ မိုင်၊ သုံးခွပေါင်းကူးတံတားမှ အ.ထ.က အထိ ဝ.၂ မိုင်နှင့် ခရမ်းစံပြကျေးရွာ မြောက်အစွန်းကမ်းပါးမှ လေးအိမ်စုကမ်းပါးအထိ ၁.၃ မိုင်တို့အား ကာကွယ်ပေးရန်အတွက် တမာကွန်းရိုး၊ ထန်းသုံးပင် လေးအိမ်စုရိုး၊ စက္ကူရိုးတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်ပေးပြီး ရေလမ်းကြောင်းပြုပြင်ပေးရမည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြင့် ကွင်းရေအား ထုတ်နုတ်နိုင်မည်ဖြစ်သဖြင့် ကွင်းရေလွှမ်းမိုးခြင်းမှ လျော့ပါးသက်သာစေမည်ဖြစ်ပြီး ပဲခူး-စစ်တောင်းတူးမြောင်းတာ၏ ဆန့်ကျင်ဘက်ခြမ်းတွင် တာရိုးဖို့မည်ဆိုပါက ရေလမ်းကြောင်းပိတ်ပြီး ကွင်းရေပိုမိုဝင်ရောက်နိုင်မည်ဖြစ်ပါသည်။ တမာတကွန်ရိုး၊ ထန်းသုံးပင်လေးအိမ်စုရိုးနှင့် စက္ကူရိုး တူးဖော်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) တွင်တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာနအနေဖြင့် ယခင်လွှတ်တော်အစည်းအဝေးများတွင် ကတိကဝတ်ပြုလုပ်ငန်းများအား ပထမဦးစားပေးအနေဖြင့် ဆောင်ရွက်ရန် ကျန်ရှိနေသည်ဖြစ်ရာ အထက်ပါလုပ်ငန်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေ (BE) နှင့် (RE) တို့တွင် ရန်ပုံငွေတင်ပြတောင်းခံသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိပါက ဦးစားပေးအလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**တရုတ်ကုန်သည်တို့အား တရုတ်အစိုးရကဖမ်းဆီးထိန်းသိမ်းမှုပြုလုပ်နေခြင်းကြောင့် မြန်မာနိုင်ငံသားကုန်သည်နှင့် ဒေသခံတောင်သူများအတွက် အကြွေးများပြန်လည်ရရှိရန်အခက်အခဲဖြစ်နေပါသဖြင့် နိုင်ငံတော်မှ ယင်းအခက်အခဲအား မည်သို့ကူညီဖြေရှင်းပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစိုင်းဝင်းခိုင်၊ သိန္နီမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

မူကြမ်း

**ဦးစိုင်းဝင်းခိုင်(သိန္နီမဲဆန္ဒနယ်)။** ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သိန္နီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကုန်သည်တို့သည် ပွဲရုံများ၊ ဒိုင်များ၊ ကုန်စည်ရုံများ ဖွင့်လှစ်ပြီး တောင်သူများ၏ ဒေသထွက်ကုန်များဖြစ်သော ဆန်၊ ပြောင်း၊ နှမ်း၊ မြေပဲစသည်တို့ကို အကြွေးစနစ်ဖြင့်ဝယ်ယူ၍ နယ်စပ်ဒေသ တရုတ်နိုင်ငံသို့တစ်ဆင့် ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြပါတယ်။ ထိုသို့ နယ်စပ်သို့ဖြတ်သန်းရာမှာ သက်ဆိုင်ရာမြန်မာနိုင်ငံအစိုးရထံ ကျသင့်သော အခွန်အခများကို စနစ်တကျပေးသွင်းပြီး နယ်စပ်ဂိတ်ကိုဖြတ်ကျော်ကာ တရားဝင်ရောင်းချပေးနေကြပါတယ်။ ထိုကဲ့သို့ ရောင်းချရာတွင် တရုတ်သူဌေးတွေက ဆန်၊ ပြောင်းနှင့်အခြားကုန်များကို အကြွေးစနစ်ဖြင့် ဝယ်ယူခဲ့ကြပါတယ်။ ယင်းကုန်များကို ရောင်းချပြီးမှ ပေးရမည့်ငွေများကိုမြန်မာနိုင်ငံမှပွဲရုံများ၊ ဒိုင်များ၊ ကုန်စည်ရုံများမှ ကုန်သည်များမှတစ်ဆင့် တောင်သူလယ်သမားများထံသို့ ငွေများကို အကျေပေးချေခဲ့ပါတယ်။ ထိုစနစ်မျိုးကဲ့သို့ ကျင့်သုံးခဲ့ပြီး အရောင်းအဝယ်ပြုခဲ့သည်မှာ ၃၊ ၄၊ ၅ နှစ်ခန့်ရှိပြီး ပြဿနာတစ်စုံတစ်ရာမှ မရှိခဲ့ပါ။ မြန်မာနိုင်ငံမှ ကုန်သည်များနှင့် တောင်သူဦးကြီးများသည်လည်း အဆင်ပြေစွာဖြင့် တရုတ်ကုန်သည်တို့နှင့် အပြန်အလှန် ကူးသန်းရောင်းဝယ်ခဲ့ကြပါတယ်။

သို့သော်လည်း ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ လဆန်းပိုင်းမှစတင်ပြီး တရုတ်နိုင်ငံအစိုးရတို့သည် တရုတ်ကုန်သည်များကို အကြောင်းကြောင်းကြောင့် ဖမ်းဆီးခြင်း၊ ဖမ်းဆီးခြင်းမခံရသော ကုန်သည်အချို့တို့က ကြောက်လန့်သဖြင့် ထွက်ပြေးခြင်း၊ ကုန်သည်နှင့် မိသားစုဝင်များကို ဖမ်းဆီးခြင်းနှင့် ဆန်ကုန်၊ ပြောင်းကုန်များကို ဖမ်းဆီးထိန်းသိမ်းခြင်းများ ပြုလုပ်ခဲ့ကြပါတယ်။ ထို့ကြောင့် မြန်မာနိုင်ငံမှ ကုန်သည်များတို့သည် အကြွေးများပြန်လည်ရရှိရန် အခက်အခဲများစွာ ဖြစ်နေရပါတယ်။ အချိန်တစ်ခုထိ၊ အတိုင်းအတာတစ်ခုထိ စောင့်ကြည့်နေပါသော်လည်း ထူးခြားမှုမရှိခဲ့ပါ။ ရရှိရန်အကြွေးများသည် တစ်သိန်း၊ နှစ်သိန်းမဟုတ်ဘဲ မြန်မာကျပ်ငွေ သိန်းထောင်ချီခန့် ရှိပါတယ်။ ဆုံးရှုံးနစ်နာမှုအင်မတန်ကြီးမားပါတယ်။ ထို့အပြင် မြန်မာနိုင်ငံမှ ကုန်သည်များသည်လည်း တောင်သူများကို ပေးရန် ငွေကြေးမရှိတော့ပါသဖြင့် တောင်သူများသည်လည်း အခက်အခဲများစွာကြုံတွေ့နေရပါတယ်။ တောင်သူများ၏ နောက်ဆက်တွဲပြဿနာများသည်လည်း ကြီးမားလှပါတယ်ခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) တွင် နိုင်ငံတော်သည် တိုးတက်မှုနည်းပါးနေသော တိုင်းရင်းသားများ၏ ပညာရေး၊

ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပါမယ်။ ပုဒ်မ ၃၆ အရနိုင်ငံတော်သည် အများပြည်သူတို့၏ နေထိုင်မှုအဆင့်အတန်းမြှင့်တင်ရေးနှင့် အထွေထွေအရင်းအနှီးများတိုးတက်ဖွံ့ဖြိုးရေးကို ရှေးရှုဆောင်ရွက်မည်ဟူ၍ ပြဋ္ဌာန်းထားပါတယ်။ အောက်ဖော်ပြပါမေးခွန်းကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကုန်သည်များနှင့် တောင်သူများ၏ ကိုယ်စားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ (က) ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန္နီမြို့နယ်မှ ကုန်သည်များနှင့်တောင်သူများ၏ အခက်အခဲများကို နိုင်ငံတော်မှ ကူညီဖြေရှင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါတယ်။ (ခ) အစီအစဉ်မရှိပါက မည်သည့်အတွက်ကြောင့်နည်း။ (ဂ) အစီအစဉ်ရှိပါက မည်သည့်အချိန်ကာလတွင် နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးမည်နည်း။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာပွင့်ဆန်း(ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရေး၊ ကုန်သွယ်မှုဆောင်ရွက်ရာမှာ ကုန်သည်လုပ်ငန်းရှင်များ လုပ်ငန်းလျင်မြန်ချောမွေ့စေရေးတို့အတွက် ကုန်သွယ်မှုနှင့်သက်ဆိုင်သည့်ဌာနများ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ညှိနှိုင်းဆောင်ရွက်လျက်ရှိသလို နယ်စပ်ဒေသများမှထွက်ရှိတဲ့ ဒေသထွက်သီးနှံများကို အိမ်နီးချင်းနိုင်ငံများသို့ အဆင်ပြေလွယ်ကူစွာတင်ပို့နိုင်ရေးနှင့် ဈေးကွက်ရရှိရေးတို့အတွက် နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများမှာ ထည့်သွင်းဆွေးနွေးပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ ဒေသထွက်ပြောင်းများ တရုတ်ဈေးကွက်သို့ တင်ပို့ရာမှာ လွယ်ကူစေဖို့အတွက် ပို့ကုန်လိုင်စင်လျှောက်ထားရယူရန်မလိုအပ်ဘဲနဲ့ အကောက်ခွန်ဦးစီးဌာနမှာ ပို့ကုန်ကြေငြာလွှာ (Export Delclaration) တင်ပြ၍ တင်ပို့ခွင့်ပြုထားပါတယ်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိဒေသခံကုန်သည်များနှင့် တောင်သူများ ကုန်ဖိုးငွေဆုံးရှုံးရခြင်းဟာ ပို့ကုန်ဆောင်ရွက်တဲ့ ပုံမှန်

လုပ်ထုံးလုပ်နည်းများအတိုင်း မဆောင်ရွက်ဘဲနဲ့ ယုံကြည်မှုကိုအားကိုးပြီး ဆောင်ရွက်ခြင်း၊ ကုန်ဝယ်သူနှင့် ကုန်ရောင်းသူအချင်းချင်း နားလည်မှုဖြင့် တရားမဝင် ငွေပေးချေမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်းကို တွေ့ရှိရပါတယ်။ ထို့ကြောင့် ယခုကဲ့သို့ တစ်ဖက်နိုင်ငံမှာ ပြောင်းလဲမှုအခြေအနေတစ်ရပ်ရပ်နှင့် ကြုံလာတဲ့အခါမှာ မိမိဖက်မှ ကုန်သည်များ ကုန်ဖိုးငွေမရရှိဘဲနဲ့ နစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါတယ်။ ဒါ့အတွက်ကြောင့် ဒေသခံတောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များအားလုံးအနေနဲ့ အကြွေးစနစ်ဖြင့် ရောင်းဝယ်ခြင်းမပြုကြရန် အလေးထားရမည့် အချက်တစ်ခုဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

တရုတ်နိုင်ငံအတွင်းမှာ ၎င်းတို့ရဲ့ တည်ဆဲဥပဒေများအရ ၎င်းတို့ရဲ့ကုန်သည်များကို အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေခြင်းအပေါ် မိမိကုန်သည်များ နစ်နာမှုရှိပါက ဖြစ်စဉ်တစ်ခုချင်းအပေါ်မှာ မူတည်ပြီးတော့ မိမိကုန်သည်များ လက်ဝယ်ရှိ အထောက်အထား စာရွက်စာတမ်းများ ခိုင်မာမှုရှိမှသာ နှစ်နိုင်ငံတာဝန်ရှိသူများအချင်းချင်း ဆွေးနွေးခြင်း၊ နှစ်နိုင်ငံ ကုန်သည်အသင်းအဖွဲ့များအချင်းချင်း ညှိနှိုင်းခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မိမိဘက်ကုန်သည်များ၏ ကုန်ဖိုးငွေ အကြွေးများ ပြန်လည်ရရှိစေရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာနနှင့် (၁၁-၁၂-၂၀၁၄) ရက်နေ့မှာ ပြုလုပ်ခဲ့တဲ့ ဒသမအကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးမှာ ထည့်သွင်းဆွေးနွေးခဲ့ပါတယ်။ တရုတ်ဖက်မှ ပြန်လည် ဆွေးနွေးရာမှာ တရားမဝင် ကုန်သွယ်မှုပြုခြင်းဟာ မည်သည့်နိုင်ငံဖက်မှ ကုန်သည်ဖြစ်သည်ကို စုံစမ်းရမည်ဖြစ်ကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေနဲ့ နှစ်နိုင်ငံစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီးတော့ တရားမဝင် ကုန်သွယ်မှုဖြစ်လျှင် ၎င်းတို့အနေနဲ့ ဖြေရှင်းပေးနိုင်ဖို့ ခက်ခဲမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။

သို့ဖြစ်၍ မိမိနိုင်ငံဖက်မှ အထောက်အထားခိုင်ခိုင်လုံလုံတင်ပြနိုင်သော မြန်မာကုန်သည်များ ငွေရရှိသည့် တရုတ်ကုန်သည်များ၏ အမည်စာရင်းနှင့် အထောက်အထားစာရွက်စာတမ်းများ ရရှိပါက တရုတ်နိုင်ငံဖက်သို့ပေးပို့သွားမည်ဖြစ်ပြီးတော့ ငွေကြေးပြန်လည်ရရှိရေး ကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းမှုများ ထပ်မံပြုလုပ်နိုင်ရေး နှစ်ဖက်ဆွေးနွေးထားပြီး ဖြစ်ပါတယ်။ တရုတ်နိုင်ငံသို့ ဆန်ကို တရားဝင်တင်ပို့ခွင့်ရရှိရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကိုယ်စား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံစိုက်ပျိုးရေးဝန်ကြီးဌာနတို့အကြား မြန်မာနိုင်ငံမှဆန်ကို

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ရန်စစ်ဆေးခြင်းနှင့် ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့မှာ လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ပြီးခဲ့တဲ့ နိုဝင်ဘာလ အာဆီယံထိပ်သီးအစည်းအဝေးမှာလည်း နှစ်နိုင်ငံလယ်ယာကဏ္ဍ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။ အဲ့ဒီလို ဆောင်ရွက်နိုင်ခဲ့ခြင်းများဟာ လယ်ယာကဏ္ဍ၊ ကုန်သွယ်မှုကိစ္စများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ဆန်ကဲ့သို့ ပြောင်းဖူးကိုလည်း အလားတူ လက်မှတ်ရေးထိုးနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ AQSIQ အဖွဲ့ကို တောင်းဆိုထားပြီးဖြစ်ပြီးတော့ တရုတ်နိုင်ငံသို့ ပြောင်းများ တရားဝင်တင်ပို့မည့်ကိစ္စကို ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံရဲ့ လိုအပ်ချက်ဖြစ်တဲ့ စိုက်ပျိုးထုတ်လုပ်သည့်မှ တင်ပို့ရောင်းချသည့်အထိ လုပ်ငန်းအဆင့်အလိုက် လိုက်နာဆောင်ရွက်သွားရမယ့်ကိစ္စများနှင့် ပတ်သက်၍ သက်ဆိုင်ရာကုန်သည်အသင်းအဖွဲ့များမှ တစ်ဆင့် စိုက်ပျိုးထုတ်လုပ်သူများ၊ သီးနှံကြိတ်ခွဲသန့်စင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များကို အသိပညာပေး ဖြန့်ဝေမှုများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဝင်းခိုင်ရဲ့ တင်ပြချက်ဖြစ်တဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ကုန်သည်များနဲ့ တောင်သူများရဲ့ အခက်အခဲဖြစ်ပေါ်ခဲ့တဲ့ကိစ္စကိုကြည့်ရင် တစ်ဖက်နိုင်ငံမှ ကုန်သည်များကို စာရွက်စာတမ်းခိုင်မာမှုမရှိဘဲနဲ့ အကြွေးစနစ်ဖြင့် ရောင်းချခြင်းဟာ မိမိတို့အတွက်နစ်နာမှု ရှိနိုင်သည်ကို ကုန်သည်အသင်းအဖွဲ့များက တာဝန်ရှိသူများ၊ ကုန်စည်ဒိုင် တာဝန်ရှိသူများက မိမိတို့ရဲ့ ကုန်သည်လုပ်ငန်းရှင်များ၊ ပွဲစားများကို အသိပညာပေးမှုများ ကြိုတင်ဆောင်ရွက်ထားရန် လိုအပ်သလို ဒေသအတွင်းမှာရှိတဲ့ အခြားတာဝန်ရှိသူများအနေနဲ့လည်း ထိန်းကျောင်းမှုများ၊ အသိပညာပေးမှုများ ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါတယ်။ မိမိတို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ဒီပုံမှန်ကုန်သွယ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ဆောင်ရွက်ပုံနည်းလမ်းများကိုလည်း လားရှိုး၊ မူဆယ်ဒေသများမှ ကုန်သည်အသင်းအဖွဲ့များနှင့် ပူးပေါင်းပြီးတော့ အသိပညာပေးသင်တန်းများပေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ လယ်ယာထွက်ကုန်ပစ္စည်းများ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရေးနဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မှကုန်သည်များနှင့် တောင်သူများ၏ အခက်အခဲကိစ္စများနဲ့ ပတ်သက်ပြီး နှစ်ဖက်ကုန်သည်အသင်းအဖွဲ့များ၊ ကုန်စည်ဒိုင်များအချင်းချင်းညှိနှိုင်းဆွေးနွေးခြင်းများကိုဆောင်ရွက်

လျက်ရှိတဲ့အပြင် အထက်မှာဖော်ပြခဲ့သလို လယ်ယာထွက်ကုန်သီးနှံများ တရုတ်နိုင်ငံသို့ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးမှုများ ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ပူးပေါင်းညှိနှိုင်းပြီး ကြိုးပမ်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

အချိန်၊ ၁၁း၁၀။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

အချိန်၊ ၁၁း၄၅။

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ဦးခင်မောင်ညို၊ လှိုင်ကော်မဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒေသအသီးသီးမှ ထွက်ရှိသော သတ္တုသယံဇာတများကို တစ်ဖက်နိုင်ငံသားများက နိုင်ငံတော်သို့ သတ်မှတ်ထားသည့် အခွန်အခများပေးသွင်းခြင်းမရှိဘဲတရားမဝင်(မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် လာရောက်ဝယ်ယူနေခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင်(မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် သွားရောက်ရောင်းချနေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ အခြားဆက်စပ်ဝန် ကြီးဌာနများ၊ ပြည်သူများနှင့် ပူးပေါင်း၍ ထိရောက်စွာတားဆီးနှိမ်နင်းရန်နှင့် ဥပဒေနှင့်အညီ ထိရောက်စွာ**

## အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လှိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ ဦးခင်မောင်ညို အားဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ညို(လှိုင်ကော်မဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များခင်ဗျာ၊ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ်၊ လှိုင်ကော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးအတွက် အဆိုတစ်ရပ်ကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ တင်သွင်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်သွင်းမည့် အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒေသအသီးသီးမှထွက်ရှိသော သတ္တုသယံဇာတများကို တစ်ဖက်နိုင်ငံသားများက နိုင်ငံတော်သို့ သတ်မှတ်ထားသည့် အခွန်အခများ ပေးသွင်းခြင်းမရှိဘဲတရားမဝင်(မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် လာရောက်ဝယ်ယူနေခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင်(မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် သွားရောက်ရောင်းချနေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူများနှင့်ပူးပေါင်း၍ ထိရောက်စွာကာကွယ်တားဆီးနှိမ်နင်းရန်နှင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုပဲ ဖြစ်ပါတယ်ခင်ဗျား။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသအသီးသီးမှထွက်ရှိတဲ့ သတ္တုသယံဇာတများဟာ နိုင်ငံတော်အတွက်အရေးပါတဲ့ ကုန်ပစ္စည်းများဖြစ်သလို နိုင်ငံသားအားလုံးနှင့်လည်း သက်ဆိုင်ပါတယ်။ အဲ့ဒီ သတ္တုသယံဇာတတွေက ရရှိတဲ့အခွန်အခတွေကို နိုင်ငံတော်မှာရှိတဲ့ ဒေသအသီးသီးရဲ့ လိုအပ်နေတဲ့ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ပြည်သူများအတွက် လိုအပ်နေတဲ့ အခြားအထွေထွေလုပ်ငန်းတွေကို ဖြည့်ဆည်းပေးခြင်းဖြင့် နိုင်ငံသားအားလုံးခံစားခွင့်ရရှိကြပါတယ်။ သတ္တုသယံဇာတများရရှိတဲ့ အခွန်အခများ လေလွင့်ဆုံးရှုံးမှုဖြစ်ခဲ့ရင် နိုင်ငံတော်နဲ့ နိုင်ငံသားများ

အတွက်များစွာ နစ်နာပါတယ်။ ဒေသအသီးသီးက ထွက်ရှိတဲ့သတ္တုသယံဇာတတွေကို တစ်ဖက်နိုင်ငံသားများက တရားမဝင်(မှောင်ခို) နည်းလမ်းမျိုးစုံနဲ့ လာရောက်ဝယ်ယူနေခြင်း၊ မိမိအကျိုးကိုသာ ရှေ့တန်းတင်သူများက တစ်ဖက်နိုင်ငံသို့ တရားမဝင်(မှောင်ခို)နည်းလမ်းမျိုးစုံဖြင့် သွားရောက်ရောင်းချနေခြင်းများကို ထိရောက်စွာ ကာကွယ်တားဆီးနှိမ်နင်းမှုမလုပ်နိုင်ခဲ့ဘူးဆိုရင် အောက်ပါမလိုလားအပ်တဲ့ အခြေအနေများဖြစ်ပေါ်လာနိုင်ပါတယ်။ (က) နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများ လေလွင့်ဆုံးရှုံးနိုင်ခြင်း၊ (ခ) နိုင်ငံတော်အတွက်အခွန်အခများနည်းပါးသောကြောင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်ခက်ခဲခြင်း၊ (ဂ) တရားမဝင်ငွေမည်းများ နိုင်ငံတော်အတွင်းသို့စီးဝင်လာပြီး ငွေကြေးဖောင်းပွပြီး ငွေကြေးတည်ငြိမ်မှုကို ထိခိုက်နိုင်ခြင်းနှင့် GDP တွက်ချက်မှုခက်ခဲခြင်း၊ (ဃ) သတ္တုသယံဇာတရောင်းချရာတွင် ရသင့်ရထိုက်တဲ့ဈေးနှုန်းမှန် မရရှိနိုင်ခြင်း၊ (င)သတ္တုသယံဇာတများနှင့် မူးယစ်ဆေးဝါးများကို လဲလှယ်နိုင်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲသူ ပိုမိုများပြားလာနိုင်ခြင်း၊ (စ) ငွေစက္ကူအတုများအသုံးပြု၍ သတ္တုသယံဇာတများကို လဲလှယ်ရယူသွားနိုင်ခြင်း၊ (ဆ) အကျင့်ပျက်ခြစားမှုများ ပိုမိုမြင့်မားလာနိုင်ခြင်း၊(ဇ) မသမာသည့် ဝိသမလောဘသမားများအနေဖြင့် တစ်ဖက်နိုင်ငံ သားမှောင်ခိုစီးပွားရေးသမားများရဲ့ ပံ့ပိုးမှုဖြင့်လက်နက်ကိုင်အဖွဲ့အစည်းများအတွင်းသို့ အရေခြုံဝင်ရောက်ပြီး တရားမဝင်(မှောင်ခို) လုပ်ငန်းများဆောင်ရွက်ကြီးထွားလာပါက ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုကို ထိခိုက်လာနိုင်ပါတယ်စသည်ဖြင့် အခြေအနေများ ဖြစ်ပေါ်လာနိုင်ပြီး နိုင်ငံတော် တည်ငြိမ်ရေးကိုပါ ထိခိုက်နိုင်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တရားမဝင်သတ္တုမှောင်ခိုဈေးကွက်ကြီးမားစွာ ဖြစ်ပေါ်နေပြီး တစ်ဖက်နိုင်ငံများသို့ ခိုးထုတ်ခံနေရမှု ဘာကြောင့်ဖြစ်ပေါ်နေသလဲဆိုတာ လေ့လာကြည့်မိပါတယ်။ သတ္တုထုတ်တာဟာ သစ်ထုတ်တာနဲ့မတူပါဘူး။ သစ်ထုတ်တာဟာလူတိုင်းနီးပါး လုပ်ကိုင်နိုင်သလို ငွေအရင်းအနှီးကြီးမားစွာမလိုအပ်ပါဘူး။ သတ္တုထုတ်တာဟာငွေကြေးရင်းနှီးမှု ကြီးမားတဲ့လုပ်ငန်းလည်းဖြစ်ပါတယ်။ လူတိုင်းလည်းမလုပ်နိုင်ကြပါဘူး။ သတ္တုမှောင်ခိုဝယ်ယူမယ်ဆိုရင်လည်း ငွေကြေးများမြောက်မြားစွာလိုအပ်ပါတယ်။ ဒီငွေတွေဘယ်ကနေရပါသလဲ။ တစ်ဖက်နိုင်ငံသားများက တရားမဝင်ငွေမည်းငွေကြေးတွေ အသုံးပြုလာနိုင်ပါတယ်။ သတ္တုသယံဇာတများ မှောင်ခိုဈေးကွက်ကြီးမားစွာဖြစ်ပေါ်နေခြင်းကို ဖမ်းဆီးအပြစ်ပေးရုံနဲ့ မလုံလောက်ပါဘူး။ ပပျောက်ဖို့ အလွန်ခဲယဉ်းပါလိမ့်မယ်။ အကြောင်းအရင်းအမှန်ကိုစိစစ်ပြီး အဖြေရှာဖြေရှင်းမှသာ ရေရှည်အောင်မြင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် အောက်ပါအချက်များကို လေ့လာစိစစ်သင့်ပါကြောင်း (က) နိုင်ငံတော် ဒေသ

အသီးသီးမှထွက်ရှိသော သတ္တုသယံဇာတများ အမှန်ထွက်ရှိမှုပမာဏများကို သိရှိနိုင်ရန် လေ့လာစိစစ်ခြင်း၊ (ခ) အမှန်ထွက်ရှိသည့် သတ္တုသယံဇာတများ၏ ပမာဏနှင့်အညီ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်အခများအပြည့်အဝရရှိစေရန် စီမံဆောင်ရွက်ခြင်း၊ (ဂ) သတ္တုလုပ်ငန်းဆောင်ရွက်သူများ၏ အခက်အခဲများကို ညှိနှိုင်းဖြေရှင်းပေးပြီး ၎င်းတို့လုပ်သာကိုင်သာရှိစေရန် ဖြေလျှော့ပေးမှုများ စီမံဆောင်ရွက်ပေးခြင်း၊ အခွန်အခတွေများပြားပြီး ဝန်ထုတ်ဝန်ပိုးဖြစ်နေပါက ဖြေလျှော့မှုပြုလုပ်ပေးရပါမည်၊ (ဃ) လုပ်ငန်းဆောင်ရွက်သူတိုင်း စနစ်တကျ တရားဝင်လုပ်ငန်းဆောင်ရွက်စေပြီး တရားဝင်လုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်နှင့် လုပ်ငန်းဆောင်ရွက်သူတို့ အမှန်တကယ်အကျိုးအမြတ်ခံစားစေ ရန် စီမံဆောင်ရွက်ခြင်း၊ (င) တရားမဝင်သတ္တုမှောင်ခို ခိုးထုတ်မှုများပပျောက်စေရန်အတွက် သတ္တုတွင်းဝန်ကြီးဌာနတစ်ခုတည်းက ဆောင်ရွက်နိုင်မည်မဟုတ်ဘဲ အခြားဆက်စပ်ဝန်ကြီးဌာနများအားလုံးနှင့် ပြည်သူများပူးပေါင်းပါဝင်မှုရှိစေရန်စီမံဆောင်ရွက်ခြင်း၊ (စ) တစ်ဖက်နိုင်ငံသားများက တရားမဝင်ငွေမည်းများအသုံးပြု၍ နိုင်ငံသားဝိသမလောဘ စီးပွားရေးသမားများနှင့် ပူးပေါင်းဆောင်ရွက်နေမှုကို စိစစ်ဖော်ထုတ်အရေးယူခြင်း၊ (ဆ) တရားမဝင်သတ္တု မှောင်ခိုလုပ်ငန်းဆောင်ရွက်သူများနှင့် မူးယစ်ဆေးဝါးလုပ်ငန်းများ ဆက်နွယ်မှုရှိ/မရှိ စိစစ်ဖော်ထုတ်အရေးယူခြင်း၊ (ဇ) တစ်ဖက်နိုင်ငံသို့ ရှည်လျားသည့်လမ်းကြောင်းဖြင့် သွားရောက်နေသည့် သတ္တုမှောင်ခိုသယ်ဆောင်မှုများသည် မည်ကဲ့သို့သော နည်းလမ်းဖြင့် အတားအဆီးမရှိသွား ရောက်နိုင်ခြင်းကိုပါ စိစစ်ဆောင်ရွက်ခြင်း။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် အထက်ပါတင်ပြချက် အခြေအနေများအရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒေသအသီးသီးမှထွက်ရှိသော သတ္တုသယံဇာတများကို တစ်ဖက်နိုင်ငံသားများက နိုင်ငံတော်သို့ သတ်မှတ်ထားသည့် အခွန်အခများပေးသွင်းခြင်းမရှိဘဲ တရားမဝင်(မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် လာရောက်ဝယ်ယူနေခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင် (မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် သွားရောက်ရောင်းချနေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူများနှင့် ပူးပေါင်း၍ ထိရောက်စွာကာကွယ်တားဆီးနှိမ်နင်းရန်နှင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို လေးလေးနက်နက် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**မူကြမ်း**

**ဦးစောထွဋ်ခေါင်လွင်(ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုတင်သွင်းသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒေသအသီးသီးမှထွက်ရှိသော သတ္တုသယံဇာတများကို တစ်ဖက်နိုင်ငံသားများက နိုင်ငံတော်သို့ သတ်မှတ်ထားသည့် အခွန်အခများပေးသွင်းခြင်းမရှိဘဲ တရားမဝင်မှောင်ခိုနည်းလမ်းမျိုးစုံဖြင့် လာရောက်ဝယ်ယူနေခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင် မှောင်ခိုနည်းလမ်းမျိုးစုံဖြင့် သွားရောက်ရောင်းချနေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူများနှင့်ပူးပေါင်း၍ထိရောက်စွာ ကာကွယ်တားဆီးနှိမ်နင်းရန်နှင့် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုမှာ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအကျိုးငှာ မဖြစ်မနေ အဆောတလျင် ဆောင်ရွက်သင့်သော ကိစ္စဖြစ်ပါ၍ ကျွန်တော် ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစောထွဋ်ခေါင်လွင်မှ လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထဲရေးဝန်ကြီးဌာနက ရှင်းလင်းဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် (ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ဖြစ်ပါတယ်။ ကယားပြည်နယ်၊ လွိုင်ကော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို၏ အဆိုတင်သွင်းမှုနဲ့ ပတ်သက်၍ ကျွန်တော်မှ ဆွေးနွေးတင်ပြသွားမှာဖြစ်ပါတယ်။

သတ္တုသယံဇာတများနှင့်ပတ်သက်ပြီးတော့ ၁၉၉၄ ခုနှစ်၊ မြန်မာ့သတ္တုတွင်းဥပဒေနှင့် ၁၉၉၆ ခုနှစ်၊ မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို အတည်ပြုပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အဆိုပါ ဥပဒေ၊ နည်းဥပဒေများမှာ ဓာတ်သတ္တုရှာဖွေခြင်း၊ တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းတို့အား သတ္တုတွင်းဝန်ကြီးဌာနတွင် တရားဝင်မှတ်ပုံတင်ကာ အခွင့်အမိန့်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားပြီးလည်းဖြစ်ပါတယ်။ သတ္တုသယံဇာတနှင့် တွင်းထွက်ကျောက်မျက်ရတနာ ထုတ်လုပ်ရောင်းချခြင်း

လုပ်ငန်းတို့မှ အခွန်အခများကို နိုင်ငံတော်မှ အပြည့်အဝရရှိစေရန်အတွက် မြန်မာ့သတ္တုတွင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သတ္တုတွင်းဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် အခြားသက်ဆိုင်ရာ ဝန်ကြီးဌာနတို့မှလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ တရားဝင်ထုတ်လုပ်ရရှိတဲ့ ဓာတ်သတ္တုများကို ရောင်းချရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ထုတ်ကုန်လိုင်စင် လျှောက်ထားနိုင်ရေးအတွက်ကို သတ္တုတွင်းဝန်ကြီးဌာနမှ ထောက်ခံချက်ထုတ်ပေးရာမှာ သတ္တုတွင်းဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီနဲ့ ဈေးနှုန်းစိစစ်ရေးကော်မတီတို့မှ ကာလပေါက်ဈေးနှင့် ကမ္ဘာ့ပေါက်ဈေး(London Metal Exchange-LME) တို့ကို အခြေခံ၍ တွက်ချက်ပြီး ကျသင့်တဲ့ ဓာတ်သတ္တုခွန်ငွေများ ပေးသွင်းစေပြီးမှသာ ထုတ်ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ တရားဝင်လုပ်ကွက်များမှ သတ္တုများကို ထုတ်လုပ်တဲ့ဒေသမှ အခြားတိုင်းဒေသကြီး/ပြည်နယ်များသို့ သယ်ယူပို့ဆောင်ပါက သတ္တုတွင်းဝန်ကြီးဌာန၊ သက်ဆိုင်ရာ လုပ်ငန်းဌာနများမှ စိစစ်ထောက်ခံချက်နဲ့ သယ်ယူပို့ဆောင်စေပြီး၊ ကျောက်စိမ်း၊ ကျောက်မျက်များကို ပြည်တွင်း၌ သယ်ယူပို့ဆောင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ ခွင့်ပြုချက်ဖြင့် လုံခြုံရေးဆောင်ရွက်ပြီး သယ်ယူပို့ဆောင်စေခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သတ္တုတွင်းထွက်တင်ပို့မှုကဏ္ဍအား သက်ဆိုင်ရာ သတ္တုတွင်းဝန်ကြီးဌာနရဲ့ စိစစ်ခွင့်ပြုချက်ဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဧပြီလမှ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့အထိ ကျောက်စိမ်းတင်ပို့မှု အမေရိကန်ဒေါ်လာ ၉၈၆.၆၄၉ သန်း၊ ကျောက်မျက်အချောထည်တင်ပို့မှု အမေရိကန်ဒေါ်လာ ၁၃.၈၀၁ သန်းနှင့် အင်ကြင်းကျောက်၊ သလင်းကျောက်စတဲ့ အခြားသတ္တုတွင်းထွက်ပစ္စည်းများ တင်ပို့မှု အမေရိကန်ဒေါ်လာ ၃၅၇.၆၁၈ သန်း စုစုပေါင်း သတ္တုတွင်းထွက်တင်ပို့မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၃၅၈.၀၆၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

သတ္တုတွင်းထွက်တင်ပို့မှုမှာ ကျောက်မျက်ရတနာ အရိုင်းဈေးကွက်အစား အချောထည်ဈေးကွက်ကိုဖော်ဆောင်နိုင်ရေး၊ တရားမဝင်သယ်ဆောင်မှုများမရှိဘဲ လွယ်ကူစွာတင်ပို့နိုင်ရေး လုပ်ငန်း မြန်ဆန်ချောမွေ့စေရေးအတွက်ကို သတ္တုတွင်းဝန်ကြီးဌာနရဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကျောက်စိမ်း၊ ပလွမ်

(Albite)၊ သလင်းကျောက်(Quartzite)နှင့် အင်ကြင်းကျောက် (Petrified Wood) တို့ဖြင့် ပြုလုပ်ထားသော အချောထည်များကို ပို့ကုန်လိုင်စင်ရယူရန်မလိုဘဲ မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့မှာ One Stop Service Centre များ ဖွင့်လှစ်ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း သိရှိရပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ သတ္တုတွင်းထွက်တင်ပို့မှုကဏ္ဍ တိုးတက်စေဖို့အတွက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း နိုင်ငံတော်ရဲ့ အဖိုးတန်သတ္တုသယံဇာတများ တရားမဝင်သယ်ဆောင်ရောင်းချမှု မရှိစေရေးအတွက်ကို နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် ရက်စွဲပါစာအမှတ် အမိန့်ကြော်ငြာစာအမှတ်၊ (၉၇/၂၀၁၂) ဖြင့် တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟို ကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး အဖွဲ့ဝင် ၁၉ ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ တရားမဝင်ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီရဲ့ ကြီးကြပ်မှုဖြင့် ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာနိုင်ငံရဲ တပ်ဖွဲ့၊ ကုန်သည်ကြီးများအသင်း၊ သတင်းမီဒီယာစသည့် ဆက်စပ်ဌာနများပါဝင်တဲ့ (Mobile Team) အဖွဲ့များ ဖွဲ့စည်းပြီးတော့ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အပြည်ပြည်ဆိုင်ရာ ကုန်သေတ္တာဆိပ်ကမ်းများအပါအဝင် နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် တရားမဝင်သယ်ဆောင်ရာလမ်းကြောင်းများ၌ စစ်ဆေးအရေးယူမှုများကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။

တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေး(Mobile Team)အဖွဲ့များအနေဖြင့် စနစ်တကျ ပိတ်ဆို့ တားဆီးလျက်ရှိရာမှာ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအထိ ကျောက်စိမ်း ၇၁ မှ ၃၄၄၅၃ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ကျပ် ၂၈၂၀ သန်း၊ အင်ကြင်းကျောက် ငါးမှ ၁၆၅၇၅ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးကျပ် ၃၃၂ သန်း၊ သလင်းကျောက် ရှစ်မှု ၅၁၁၃ ကီလိုဂရမ် ခန့်မှန်းတန်ဖိုးကျပ် ၂၅၆ သန်း၊ စကျင်ကျောက် ခုနစ်မှု၊ ၅၆၉၂ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ကျပ် ၁၂ သန်း၊ သတ္တု ကျောက်မှုန့် ၁၉မှု ၁၃၁၇၈ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ကျပ်သန်း ၆၀၊ စုစုပေါင်း သတ္တုတွင်းထွက် တရားမဝင် သယ်ဆောင်မှု ၁၁၀မှု ၇၅၀၁၁ ကီလိုဂရမ် ခန့်မှန်းတန်ဖိုး ကျပ် ၃၄၈၀ သန်းတို့အား တားဆီးထိန်းသိမ်းနိုင်ခဲ့ပြီး အကောက်ခွန်အမှုတွဲဖွင့်လှစ်၍ သက်ဆိုင်ရာဝန်ကြီးဌာန များသို့ လွှဲပြောင်းပေးအပ်နိုင်ခဲ့ကြောင်းလည်း စိစစ်တွေ့ရှိရပါတယ်။

## မူကြမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ အိမ်နီးချင်းနိုင်ငံများဖြစ်တဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ၉၄.၇၄၇ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ၅၄၆ မိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ၁၀၀၅ မိုင်၊ လာအိုနိုင်ငံနှင့် ၁၅၅ မိုင်၊ ထိုင်းနိုင်ငံနှင့် ၈၃၁ မိုင် စုစုပေါင်း ၂၆၃၁.၇၄၇ မိုင် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပါတယ်။ ဒေသအသီးသီးမှထွက်ရှိတဲ့ တွင်းထွက်ကျောက်မျက်ရတနာနှင့် သတ္တုသယံဇာတများကို နယ်နိမိတ်ချင်းထိစပ်နေသော နယ်စပ်ဒေသများမှတစ်ဆင့် တစ်ဖက်နိုင်ငံများသို့ တရားမဝင်နည်းလမ်းများဖြင့် ရောင်းချမှုမရှိစေရန် တပ်မတော်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများပူးပေါင်း၍ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ဖမ်းဆီးအရေးယူမှုများကိုလည်း ထိရောက်စွာဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှတ်တမ်းများအရ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် အသီးသီးမှ တွင်းထွက်ကျောက်မျက်ရတနာနှင့် သတ္တုသယံဇာတ ဖမ်းဆီးရမိမှုများမှာ ၂၀၁၂ ခုနှစ်တွင် ကျောက်စိမ်း ၅၈ မှု တရားခံ ၉၅ ဦး ၄၅၃၁၀၃.၁ ကီလိုဂရမ်၊ သတ္တုသယံဇာတ ၈၅ မှု တရားခံ ၁၃၆ ဦး ၄၂၀၈၁.၁၃ ကီလိုဂရမ်နှင့်ဆက်စပ်ပစ္စည်းများ၊ ၂၀၁၃ ခုနှစ်တွင် ကျောက်စိမ်း ၉၄ မှု တရားခံ ၁၄၅ ဦး ၇၆၅၁၃၇၅.၅၃ ကီလိုဂရမ်၊ သတ္တုသယံဇာတ ၁၀၉ မှု တရားခံ ၃၉၃ ဦး ၁၂၀၆၅၀၆.၂၁ ကီလိုဂရမ်၊ သတ္တုသယံဇာတ ၈၃ မှု တရားခံ ၂၂၁ ဦး၊ ၂၂၉၆၄.၀၅ ကီလိုဂရမ်၊ ရွှေဖြူနီး ၃၀၃၇ အိတ်တို့ ဖြစ်ပါတယ်။ သိမ်းဆည်းရမိတဲ့ ကျောက်မျက်ရတနာနှင့် သတ္တုအမျိုးအစားများမှာ ကျောက်စိမ်း၊ ခဲ၊ ရွှေ၊ ခနောက်စိမ်း၊ အင်ကြင်းကျောက်တို့ဖြစ်ပြီး ဆက်စပ်ပစ္စည်းများမှာ မြေတူးစက် ၂၃ လုံး၊ ရေစုပ်စက် ၄၇၆ လုံး၊ သံဖောင် ၁၂ စီး၊ စက်လှေ ၃၂ စီး၊ အခြားဆက်စပ်ပစ္စည်း ၁၄၅ မျိုးတို့ကို သိမ်းဆည်းရမိပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ ထွက်ရှိသော တွင်းထွက်ကျောက်မျက်ရတနာနှင့်သတ္တုသယံဇာတများကို တရားဝင်တူးဖော် ထုတ်လုပ်နိုင်ရန်၊ သတ္တုတွင်းဝန်ကြီးဌာနမှ ဥပဒေနှင့်အညီမှတ်ပုံတင်ခွင့်ပြုဆောင်ရွက် ပေးလျက်ရှိတဲ့အပြင် တူးဖော်ရရှိ တဲ့ တွင်းထွက်ကျောက်မျက်ရတနာနှင့် သတ္တုသယံဇာတများကို တရားဝင်ရောင်းချနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ပို့ကုန်လိုင်စင်များကိုလည်း ဥပဒေနှင့်အညီချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ တွင်းထွက်ကျောက်မျက်ရတနာနှင့် သတ္တုသယံဇာတများကို တရားမဝင်တူးဖော်ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းဝယ်ခြင်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ပြည်သူတို့ပူးပေါင်း ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများကို ဆောင်ရွက်လျက်ရှိတဲ့အတွက် ယင်းအဆိုအား မှတ်တမ်းတင်သင့်ပါကြောင်းနှင့် ပြည်သူ့လွှတ်တော်၏အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုကို တင်သွင်းသူ ဦးခင်မောင်ညိုက သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ ဆွေးနွေးတင်ပြချက်အပေါ် ဦးခင်မောင်ညိုရဲ့သဘောထားပြောပါ။

**ဦးခင်မောင်ညို(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ သတ္တုတွင်းနဲ့ပတ်သက်ပြီးတော့ ပြည်ထဲရေးဝန်ကြီးရဲ့ ရှင်းပြသွားတဲ့အချက်နဲ့ပတ်သက်ပြီးတော့ ကျေနပ်စရာရှိသလို ကျန်တဲ့အပိုင်းတွေလည်း ရှိနေဦးမှာပဲဖြစ်ပါတယ်။ ဗဟိုကော်မတီဖွဲ့ထားတယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီးတော့မှ အောက်ခြေထိ သက်ရောက်မှုရှိ/မရှိဆိုတာကို ကျွန်တော်တို့ တွေ့ရှိရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်မှတ်တမ်းတင်ရုံနဲ့တော့ မဖြစ်ဘဲနဲ့ မှတ်တမ်းတင်စောင့်ကြည့်သွားရန် လိုအပ်မယ်လို့ ကျွန်တော်ထင်ပါတယ်ခင်ဗျား။ လေးစားပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီနေ့ ဦးခင်မောင်ညို၊ လှိုင်ကော်မဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဒေသအသီးသီးမှထွက်ရှိသော သတ္တုသယံဇာတများကို တစ်ဖက်နိုင်ငံသားများက နိုင်ငံတော်သို့ သတ်မှတ်ထားသည့် အခွန်အခများပေးသွင်းမှုမရှိဘဲ တရားမဝင်(မှောင်ခို)နည်းလမ်းမျိုးစုံဖြင့် လာရောက်ဝယ်ယူနေခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင် (မှောင်ခို)နည်းလမ်းမျိုးစုံဖြင့် သွားရောက်ရောင်းချနေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာအာဏာပိုင်များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူများနှင့်ပူးပေါင်း၍ထိရောက်စွာ ကာကွယ်တားဆီးနှိမ်နင်းရန်နှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ပြည်ထောင်စုအစိုးရကိုယ်စား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အသေးစိတ်ရှင်းလင်းတင်ပြသွားပါတယ်။ ရှင်းလင်းတင်ပြချက်မှာ ဗဟိုအဖွဲ့အစည်းဖွဲ့စည်းပြီးတော့ စနစ်တကျဆောင်ရွက်နေတယ်။ ဆောင်ရွက်နေတဲ့နေရာမှာ ဘယ်တုန်းက ဘယ်လောက်ထိ တွေ့ရှိဖမ်းဆီးမိတယ်။ ဦးခင်မောင်ညို တင်သွင်းတဲ့ အဆိုအတိုင်းအစိုးရအဖွဲ့ကဆောင်ရွက်နေတယ်ဆိုတာကို ဖော်ပြသွားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဆိုကိုမှတ်တမ်းတင်ထားရှိပေးဖို့ တင်ပြတဲ့နေရာမှာ ဦးခင်မောင်ညိုဘက်ကျတော့ မှတ်တမ်းတင်ရုံနဲ့မလုံလောက်ဘဲနဲ့ မှတ်တမ်းတင်ထားရှိတာ

ကို စောင့်ကြည့်ဖို့ဆိုတဲ့ဟာလေး ဒီလိုတင်ပြသွားတာရှိပါတယ်။ ဒါကြောင့် ကျွန်တော် လွှတ်တော်ကို တင်ပြပါမယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခင်မောင်ညို တင်သွင်းသွားတဲ့အဆိုကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနကလည်း ဆွေးနွေးသွားပါတယ်။ ဒီအဆိုနဲ့ စပ်လျဉ်းပြီး လွှတ်တော်ရဲ့ အဆုံးအဖြတ်တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ ဦးခင်မောင်ညိုတင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိစောင့်ကြည့်သွားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညိုတင်သွင်းတဲ့အဆိုကို လွှတ်တော်ကမှတ်တမ်းတင်ထားရှိစောင့်ကြည့်သွားမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးစိုးဝင်း၊ စမ်းချောင်းမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များပါဝင် ဖွဲ့စည်းသည့် တရားစီရင်ရေးကြီးကြပ်သည့် ကော်မတီ သို့မဟုတ် ကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် လိုအပ်ပါကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုကိုတင်သွင်းဖို့ ဦးစိုးဝင်းအား ဖိတ်ခေါ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ချစ်ခင်လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါ။ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းက နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးကိုမျှော်ကိုး၍ တရားစီရင်ရေးနှင့်ပတ်သက်သော အဆိုတစ်ခုတင်သွင်းလိုပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က)မှာ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးဟု ပြဋ္ဌာန်းထားပါတယ်။ လွတ်လပ်စွာတရားစီရင်ခွင့်ရှိသော်လည်း တရားဥပဒေနှင့်ညီ/မညီ စိစစ်ရန်လိုအပ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က) မှာ နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေး

အာဏာနဲ့ တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှပိုင်းခြားသုံးစွဲခြင်းနှင့် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုသည်ဟု ပြဋ္ဌာန်းထားပါသည်။ နိုင်ငံတော်၏အာဏာ(၃)ရပ် ခွဲဝေပိုင်းခြားခြင်း (Separation of Power)သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ထိန်းကျောင်းသည့်အစဉ်အလာမူ တစ်ရပ် Constitutional doctrine of Check and Balance ဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၂ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သမ္မတ သို့မဟုတ် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တစ်ဦးဦးအား အောက်ပါအကြောင်းတစ်ရပ်ရပ်ဖြင့် စွပ်စွဲပြစ်တင်နိုင်သည်ဆိုပြီး ဖော်ပြထားပါတယ်။ (၁) နိုင်ငံတော်၏ ကျေးဇူးသစ္စာတော်ကို ဖောက်ဖျက်ခြင်း၊ (၂) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ (၃) အကျင့်သိက္ခာပျက်ပြားခြင်း၊ (၄) ပုဒ်မ ၃၀၁ တွင် ပြဋ္ဌာန်းထားသော ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏ အရည်အချင်းပျက်ယွင်းခြင်း၊ (၅) ဥပဒေအရ ပေးအပ်သော တာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်းဟု ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စု တရားစီရင်ရေးဥပဒေ ရာထူးသက်တမ်းနှင့်ပတ်သက်၍ ပုဒ်မ ၃၀ မှာ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် အောက်ပါအကြောင်းတစ်ရပ်ရပ် မပေါ်ပေါက်လျှင် အသက် ၇၀ နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ခွင့်ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ (က) မိမိသဘောအလျောက် ရာထူးမှနုတ်ထွက်ခြင်း၊ (ခ) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှရပ်စဲခံရခြင်း၊ (ဂ) ဥပဒေအရ သတ်မှတ်သော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ကိုယ်စိတ်နှစ်ပါးအနက် တစ်ပါးပါးသည် ထာဝစဉ်ချို့ယွင်းသွားခြင်းကြောင့် တာဝန်ကို ဆက်လက်ထမ်းဆောင် နိုင်စွမ်းမရှိကြောင်း တွေ့ရှိရခြင်း၊ (ဃ) ကွယ်လွန်ခြင်းဟု ပြဋ္ဌာန်းထားပါသည်။ ပုဒ်မ ၃၁ ပုဒ်မခွဲ(ခ)ပါ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စွပ်စွဲပြစ်တင်ခြင်းခံရ၍ ရာထူးမှရပ်စဲခံရခြင်းဟု ပြဋ္ဌာန်းချက်အရ ပြည်သူ့လွှတ်တော်တွင် Check and Balance လုပ်ရန် တာဝန်ရှိပါတယ်။

ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာပုဒ်မ ၃၀၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်(၅) မှာ ဥပဒေအရ ပေးအပ်သောတာဝန်များကို ကျေပွန်စွာမဆောင်ရွက်ခြင်းဟူသော အချက်ကိုစိစစ်ရန်လိုအပ်ပါတယ်။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်အတွင်းရှိ တရားရုံးများကို ကြီးကြပ်ကွပ်ကဲရ

**မူကြမ်း**

မည်ဟု ပြဋ္ဌာန်းထားပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် မိမိလက်အောက်ရှိတရားရုံးများကို မည်သို့ကြီးကြပ်ကွပ်ကဲသည်။ အမှုများကို မှန်ကန်မြန်ဆန်ရေးအတွက် မည်သို့ညွှန်ကြားသည်။ လာဘ်ပေးလာဘ်ယူပပျောက်ရေးအတွက် မည်သို့ညွှန်ကြားဆောင်ရွက်သည်တို့ကို လွှတ်တော်က သိရှိရန် လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၉ အရ ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများကို ပြည်ထောင်စုတရားလွှတ်တော်၏ သဘောတူညီချက်အရ နိုင်ငံတော်သမ္မတက ခန့်ထားခွင့်ရှိပါတယ်။ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၏ ဆောင်ရွက်မှုသည် ဥပဒေအရ အပ်နှင်းထားသောတာဝန်ကို ကျေပွန်စွာဆောင်ရွက်ခြင်းရှိ/မရှိ စိစစ်ရန်လိုအပ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၆ ပုဒ်မခွဲ(က)တွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် (က) အောက်ပါစာချွန်တော် အမိန့်အာဏာများကို ထုတ်ပိုင်ခွင့်ရှိသည်။ (၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ (၂) အာဏာပေး စာချွန်တော်အမိန့်၊ (၃) တားမြစ်စေ စာချွန်တော်အမိန့်၊ (၄) အာဏာပိုင်မေး စာချွန်တော်အမိန့်နှင့် (၅) အမှုခေါ် စာချွန်တော်အမိန့်တို့ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၇၈ ပုဒ်မခွဲ(က)မှာ ဤအခန်း၌ ပေးအပ်ထားသော အခွင့်အရေးများနှင့် စပ်လျဉ်း၍ လျှောက်ထားလာသည့် ကိစ္စရပ်များတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အောက်ဖော်ပြပါစာချွန်တော်အမိန့်တစ်ရပ်ရပ်ကို သင့်လျော်သည့်အတိုင်း ထုတ်ဆင့်ပေးခွင့် အာဏာရှိရမည်ဆိုပြီး ပါပါတယ်။ (၁) ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ (၂) အာဏာပေး စာချွန်တော်အမိန့်၊ (၃) တားမြစ်စေ စာချွန်တော်အမိန့်၊ (၄) အာဏာပိုင်မေး စာချွန်တော်အမိန့်၊ (၅) အမှုခေါ် စာချွန်တော်အမိန့် ဆိုပြီးရှိပါတယ်။ ဖွဲ့စည်းပုံအရ ကျယ်ပြန့်သော အာဏာ အပ်နှင်းထားပါတယ်။ ဥပဒေအရ အပ်နှင်းထားသော အစီရင်ပိုင်ခွင့်ကို ကျင့်သုံးခြင်းနှင့် ပတ်သက်၍ လွှတ်တော်မှသိရှိရန် လိုအပ်ပါတယ်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၈ မှာ ပြည်ထောင်စုတရားသူကြီးချုပ်သည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်အစည်းအဝေးတွင်ဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် အများပြည်သူတို့နှင့်သက်ဆိုင်သည့် အရေးကြီးသော တရားစီရင်ရေးဆိုင်ရာအခြေအနေကို အခါအားလျော်စွာ တင်ပြနိုင်သည်ဟု ပြဋ္ဌာန်းထားပါတယ်။

**မူကြမ်း**

လွှတ်တော်သို့ တရားစီရင်ရေးအခြေအနေကို အစီရင်ခံစာတင်သွင်းရုံမျှဖြင့် မလုံလောက်ပါ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်အားလုံးကို လွှတ်တော်သို့ တင်ပြ၍ ဥပဒေနှင့်အညီ ဆုံးဖြတ်ခြင်းရှိ/မရှိ၊ ဥပဒေအရပေးအပ်သော တာဝန်ကျေပွန်စွာ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ စိစစ်နိုင်ရမည်ဖြစ်ပါတယ်။ ဥပဒေအရအပ်နှင်းထားသော စီရင်ပိုင်ခွင့်ကို ကျင့်သုံးခြင်းနှင့်ပတ်သက်၍ လွှတ်တော်မှ သိရှိရန် လိုအပ်ပါတယ်။

ပြည်သူများအနေဖြင့် ၎င်းတို့၏နစ်နာမှုများကို နိုင်ငံတော်သမ္မတ၊ လူ့အခွင့်အရေး တိုင်စာ၊ အသနားခံစာ၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီများသို့ တိုင်ကြားစေပါသည်။ တိုင်စာတက်သည်ကို စောင့်ဆိုင်းအရေးယူရန်မဟုတ်ဘဲ အချိန်နှင့် တစ်ပြေးညီသိရှိရန် လိုအပ်ပါတယ်။ လွတ်လပ်သောတရားစီရင်ရေးကျင့်သုံးရာ ဥပဒေနှင့်အညီ ဥပဒေအရပေးအပ်သော တာဝန်ကျေပွန်ခြင်းရှိ/မရှိ စိစစ်နိုင်ရန်အတွက် အောက်ပါအဆိုတစ်ရပ်အား တင်သွင်းအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များပါဝင်ဖွဲ့စည်းသည့် တရားစီရင်ရေးကြီးကြပ်သည့်ကော်မတီ သို့မဟုတ် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်လိုအပ်ပါကြောင်း အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဦးစိုးဝင်းတင်သွင်းတဲ့ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးအောင်ဇင်(ပုဇွန်တောင်မဲဆန္ဒနယ်)။** ။ မင်္ဂလာပါခင်ဗျား။ စမ်းချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းတင်သွင်းသွားသောအဆိုသည် တရားဥပဒေစိုးမိုးရေးနှင့် ယိမ်းယိုင်လျက်ရှိသော တရားစီရင်မှုများကို ထိန်းညှိပေးနိုင်မည်ဟု ယုံကြည်ပါတယ်။ သို့ပါ၍ ပုဇွန်တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးအောင်ဇင်က စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း၏အဆိုကို အလေးအနက်ထောက်ခံကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရှင်းလင်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးညွန့်(တရားသူကြီး၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါ

တယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း တင်သွင်းသည့် အဆိုနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကိုယ်စား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ အရ နိုင်ငံတော်သည် အချုပ်အခြာအာဏာရဲ့ ခက်မ (၃) ဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို ခွဲဝေကျင့်သုံးပါတယ်။ အဆိုပါနိုင်ငံတော်ရဲ့ ခက်မ (၃) ဖြာ အချုပ်အခြာအာဏာကို မိမိတို့ကဏ္ဍအလိုက် ခွဲဝေကျင့်သုံးရတဲ့ အဖွဲ့အစည်းများမှာ မည်သည့်အဖွဲ့အစည်းက မည့်သည့်အဖွဲ့အစည်း၏အထက်တွင် ရှိသည်ဟုလည်းကောင်း၊ မည်သည့်အဖွဲ့အစည်းက မည့်သည့်အဖွဲ့အစည်း၏အောက်တွင် ရှိသည်ဟုလည်းကောင်း မရှိဘဲနဲ့ မိမိတို့အားခွဲဝေထားတဲ့ အပ်နှင်းထားတဲ့အာဏာကို တန်းတူရည်တူ ကျင့်သုံးခွင့်ရှိကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ ပုဒ်မ(က)ပါ ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ရေးဟာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံချက်ပေးထားတဲ့ တရားစီရင်ရေးမူတစ်ရပ်ဖြစ်ပါတယ်။ အဆိုပါ ဥပဒေပုဒ်မ ၁၉ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ဟာ တရားရုံးများရဲ့ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ခွင့်ကို မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကမျှ ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း နိုင်ငံတော်ရဲ့အခြေခံမူအဖြစ် ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပေးထားခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုအရ မဏ္ဍိုင်တစ်ရပ်က အခြားမဏ္ဍိုင်တစ်ရပ်အပေါ်မှာ ကြီးကြပ်ကွပ်ကဲတဲ့ ကော်မတီ/ကော်မရှင်တစ်ရပ် ဖွဲ့စည်းခွင့်ရှိတယ်လို့ဆိုရင် တရားစီရင်ရေးမဏ္ဍိုင်ကလည်း အခြားမဏ္ဍိုင်တစ်ရပ်အပေါ်မှာ ကြီးကြပ်ကွပ်ကဲတဲ့ ကော်မတီ/ကော်မရှင်ဖွဲ့စည်းနိုင်ခွင့်ရှိတယ်ဆိုတဲ့ သဘောသက်ရောက်နေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့ အဲဒီလိုယူဆခြင်း၊ အဓိပ္ပာယ်ကောက်ယူခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်နေတယ်လို့ ယူဆပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေနဲ့က လက်အောက်တရားရုံးများကို ကြီးကြပ်ခြင်းကို ဆောင်ရွက်တဲ့အခါမှာ နည်းလမ်းမျိုးစုံနဲ့ဆောင်ရွက်နေပါတယ်။ ခုနက ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့အတိုင်းမှာပါတဲ့ နည်းလမ်းပေါင်းစုံနဲ့ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အောက်အဆင့်ဆင့် တရားရုံးများကိုလည်း ကြီးကြပ်ကွပ်ကဲနေတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊

ဥပဒေပညာရှင်များပါဝင်တဲ့ တရားစီရင်ရေးကြီးကြပ်မှုကော်မတီများ သီးခြားဖွဲ့စည်းရန်မလိုပါကြောင်း တင်ပြပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဥပဒေပညာရှင်များပါဝင်ဖွဲ့စည်းသည့် တရားစီရင်ရေးကြီးကြပ်သည့်ကော်မတီ သို့မဟုတ် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန် လိုအပ်ကြောင်းအဆိုဟာ ဖော်ပြပါဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေပြီဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါအဆိုကို မှတ်တမ်းတင်ပေးပါရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ကန့်ကွက်တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တင်ပြချက်ကို အဆိုရှင်ဘက်က မှတ်ချက်ပြုတင်ပြဖို့လိုပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး တင်ပြသွားတဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ အစီရင်ခံစာတုန်းကလည်း တစ်ကြိမ် ဒီလိုတင်ပြသွားခဲ့တာ ရှိပါတယ်။ ကျွန်တော် အဲဒီကတည်းကလည်း ကျွန်တော်တို့ ဒီဟာနဲ့ပတ်သက်လို့ ကျွန်တော်စဉ်းစားပြီးတော့ကျတော့ အားလုံးကို ပြန်ပြီးတော့ကျတော့ လေ့လာပြီးတော့ အကြံဉာဏ်တောင်းတာတွေရှိပါတယ်။ အဲဒီတော့ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ တင်တုန်းက ကော်မတီတွေဖွဲ့ပြီးတော့ကျတော့ ဒီဟာကို လုပ်ဆောင်ဖို့ဆိုပြီးတော့တင်ခဲ့ပါတယ်။ တကယ့်တကယ်တော့ ကျွန်တော်က ဖြစ်စေချင်တဲ့အပိုင်းကတော့ ကျွန်တော်ရဲ့အဆိုဟာ တရားစီရင်ရေးနှင့် ကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီးတော့ ကြီးကြပ်ဖို့ဆိုတဲ့ဟာမျိုးထက်ကျွန်တော်တို့က ပြည်သူ့လွှတ်တော်ကနေပြီးတော့ ဒီတရားရုံးချုပ်မှာ တရားရုံးချုပ်ကိုတက်လာတဲ့တရားလွှတ်တော်ချုပ်ကို တက်လာတဲ့ အယူခံမှုဥပဒေ ဒီအမှုတွေနဲ့ပတ်သက်ပြီးတော့ကျတော့ အများစုကျွန်တော်တို့ ကြားနေရတာရှိပါတယ်။ တစ်ပါးထိုင်၊ နှစ်ပါးထိုင် ဒါမျိုးတွေနဲ့ ပြန်ပြီးတော့ကျတော့ရှုံးသွားတဲ့ဟာမျိုး တွေရှိနေတဲ့အခါမှာ မတရားဘူး၊ မတရားဘူးဆိုတာမျိုးတွေ ဖြစ်နေတဲ့အခါကျတော့ဒါတွေကို ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ကြားနာတယ်ဆိုတဲ့အသုံးအနှုန်းမျိုးကို တကယ်ဆိုတော့ကျွန်တော် ဒီမှာသုံးလိုက်တဲ့ ပုံစံလေးနည်းနည်းလေး ပြင်းထန်တယ်လို့ထင်ရင် တကယ့်တကယ်ဆိုတော့ကျတော့ ဖြစ်သင့်တာကတော့ ကျွန်တော်တို့က အဲဒါတွေကို လေ့လာခွင့်ရရင် တစ်ဖက်မှာလည်း

တရား စီရင်ရေးဥပဒေဟာ သူ့ဘာသူထိန်းသွားလိမ့်မယ်လို့ ကျွန်တော်က အဲဒီလိုယူဆတဲ့အတွက် ဒီအမှုတွေရဲ့ အမှုသွားအမှုလာနှင့်ပတ်သက်လို့ သူတို့ဆုံးဖြတ်လိုက်တဲ့ မဆုံးဖြတ်ခင်မှာ တက်လာတဲ့ အပိုင်းတွေမှာ ကျွန်တော်တို့ လေ့လာခွင့်ရမယ်ဆိုရင် ဒါကိုလေ့လာနိုင်ဖို့ဆိုပြီးတော့ တင်ပြတာ ဖြစ်ပါ တယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုရဲ့ အဓိပ္ပာယ်နဲ့ပတ်သက်လို့ပဲ ဆွေးနွေးပြီးတဲ့အခါမှာ ဒီဟာကို ခုနက ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက ဆွေးနွေးတင်ပြတဲ့အတိုင်း ဒီအဆိုကို ကန့်ကွက်တယ်။ ဒါကြောင့်မို့လို့ မှတ်တမ်းတင်ရုံပဲထားပေးပါဆိုတာနဲ့ပတ်သက်ပြီး ပြန်လည်ရှင်းလင်း ဆွေးနွေးဖို့ပဲဖြစ်ပါတယ်။ ကျန်တဲ့အပိုင်းတွေမလိုအပ်ပါဘူး။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ကျွန်တော့်သဘောအရ ပြည်သူ့လွှတ်တော်ကို တင်ပြ ပေးချင်တာကတော့ ဒီဟာက ပြည်သူတွေအတွက်၊ နိုင်ငံတော်မှာ နေထိုင်တဲ့ပြည်သူတွေ အများကြီး လိုအပ်တဲ့ ကိစ္စဖြစ်တယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒါကြောင့်မို့လို့ ဒီဟာကို လွှတ်တော်ကနေပြီး တော့ ကျန်တဲ့ ဥပဒေပညာရှင်တွေပါတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ ဥပဒေပညာ တကယ်ကို ကျွမ်းကျင်တဲ့ အဲဒါတွေကို အချိန်ပေးပြီးဆွေးနွေးခွင့်လေးပေးမယ်ဆိုရင် ဒီမှာမဆုံးဖြတ်ဘဲနဲ့ အဲဒီလို လေး ပေးခွင့်ရမယ်ဆိုရင်တော့ ပိုပြီးတော့ သင့်လျော်လိမ့်မယ်လို့ထင်ပါတယ်။ ဒါကို ကျွန်တော် တင်ခဲ့တာကလည်း ၂၀၁၄ ခုနှစ် နှစ်စပိုင်းက တင်ခဲ့တဲ့ကိစ္စဖြစ်ပါတယ်။ ဟုတ်ကဲ့ပါ။ ကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ကတော့ တင်လာတဲ့အဆိုပေါ်မူတည်ပြီးတော့ ကျွန်တော်တို့ ဆုံးဖြတ် ရမှာဖြစ်ပါတယ်။ ကျန်တဲ့ ခုနက သီးခြားတင်ပြတဲ့ကိစ္စကတော့ သီးခြားကိစ္စပဲဖြစ်ပါလိမ့်မယ်။ ဒါကြောင့် အဆိုနှင့်ပတ်သက်ပြီးတော့ ဆက်လက်ပြီးတော့ လွှတ်တော်ကိုတင်ပြပါမယ်။ ဦးစိုးဝင်း တင်သွင်းတဲ့ လွှတ်တော်ကိုယ်စားလှယ်များ၊ ပညာရှင်များပါဝင်ဖွဲ့စည်းသည့် တရားစီရင်ရေးကြီးကြပ် သည့် ကော်မတီ သို့မဟုတ် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်လိုအပ်ပါကြောင်း အဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်မှာ မဲခွဲဆုံးဖြတ်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုးဝင်းတင်သွင်းတဲ့ လွှတ်တော် ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များပါဝင်ဖွဲ့စည်းသည့် တရားစီရင်ရေးကြီးကြပ်သည့် ကော်မတီ သို့မဟုတ် ကော်မရှင်တစ်ရပ်ဖွဲ့စည်းရန်လိုအပ်ပါကြောင်း အဆိုနှင့်စပ်လျဉ်းပြီး မဲခွဲဆုံးဖြတ်ပေးမှာ

ဖြစ်တဲ့အတွက် ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ စက်ခန်းက မဲပေးနိုင်ဖို့အတွက် ဆောင်ရွက်ပေးဖို့လိုပါတယ်။ ဆန္ဒမဲပေးရန် အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ**။ ။ ထောက်ခံမဲ ၆၀၊ ကန့်ကွက်မဲ ၂၅၈၊ ကြားနေ ၃၅။ ရပါပြီ။ မဲခွဲဆုံးဖြတ်ပြီးပါပြီ။ ဒီအဆိုနှင့်ပတ်သက်ပြီးတော့ သီးခြားပဲ ခုနကပြောသလို ဆွေးနွေးရမယ့်ကိစ္စပဲ ဖြစ်ပါတယ်။ ထောက်ခံဆန္ဒမဲ ၆၀၊ ကန့်ကွက်ဆန္ဒမဲ ၂၅၈ မဲဖြစ်တဲ့အတွက် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်မပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်က ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတီခွန်မြတ်၊ ကွတ်ခိုင်မဲဆန္ဒနယ်က ဥပဒေကြမ်းတစ်ခု ပေးပို့ထားပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂ နည်းဥပဒေ ခွဲ(ခ)အရ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ ဦးတီခွန်မြတ်အား ဖိတ်ခေါ်ပါတယ်။

**ဦးတီခွန်မြတ်(ကွတ်ခိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ပြည်ထောင်စု ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် တင်သွင်းမယ့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပေါ်ပေါက်လာပုံ သမိုင်းအကျဉ်းချုပ်နဲ့အတူ ကျိုးကြောင်းဖော်ပြချက်များနှင့်တကွ ဥပဒေ၏ ရည်ရွယ်ချက်များကိုပါ တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများဟာ ၁၉ ရာစုနှောင်းပိုင်းကာလ အနောက်ဥရောပနိုင်ငံမှာရှိတဲ့ ဝတ်လုံတော်ရရှေ့နေများက ကိုယ်စားလိုက်ပါဆောင်ရွက်ခွင့်နှင့် တရားမျှတမှုရှိသော တရားစီရင်ရေး ရပိုင်ခွင့်လှုပ်ရှားမှုကြီးမှ မြစ်ဖျားခံခဲ့ခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ထိုကာလများ၌ တရားရုံးစရိတ်များနဲ့ ရှေ့နေစရိတ်များ ပေးဆောင်နိုင်ခြင်းမရှိတဲ့ ဆင်းရဲနွမ်းပါးသူများကို Poor Man's Law ဆင်းရဲနွမ်းပါး

မှုကြမ်း

သူများ၏ ဥပဒေအရ တရားရုံးစရိတ်ကို ကင်းလွတ်ခွင့်ပြုပြီး တာဝန်ကျရှေ့နေများက pro bono အခမဲ့လိုက်ပါ ဆောင်ရွက်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ ၂၀ ရာစုအစောပိုင်းကာလအထိ ဥရောပနိုင်ငံများမှာ ပြစ်မှုဖြင့် တရားစွဲဆိုခြင်းခံရသော ဆင်းရဲနွမ်းပါးသူများအတွက် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်း ပီပီပြင်ပြင်မရှိခဲ့လို့ ဆင်းရဲနွမ်းပါးသူများဟာ အမှုအခင်းများနဲ့ ကြုံတွေ့လာသည့်အခါတိုင်း ရှေ့နေရှေ့ရပ်များရဲ့ စာနာထောက်ထားမှုကိုသာ အားကိုးအားထားနေရကြောင်း လေ့လာသိရှိရပါတယ်။ သို့သော် ၂၀ ရာစုနှောင်းပိုင်းကာလတွင်မူ ၎င်းတို့နိုင်ငံနှင့် လိုက်လျောညီထွေမှုရှိသော ဥပဒေများပြဋ္ဌာန်းပြီး ဥပဒေဆိုင်ရာအထောက်အကူပြုပေးရေးလုပ်ငန်းများ တစ်စတစ်စပီပြင်အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။ စစ်အေးကာလအပြီး ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းခဲ့သော အရှေ့ဥရောပနိုင်ငံများတွင် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့်အတူ ပွင့်လင်းမြင်သာမှုရှိပြီး မှန်ကန်မျှတမှုရှိသော တရားစီရင်ရေးစနစ်တို့ကိုပါ ပြုပြင်ပြောင်းလဲခဲ့ရာ အရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများက ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများ၌ ပါဝင်လှုပ်ရှားခဲ့သဖြင့် အဂတိလိုက်စားမှုပပျောက်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုပါ အတိုင်းအတာတစ်ခုအထိ အောင်မြင်စွာဖော်ဆောင်နိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မည်သည့်စနစ်ကျင့်သုံးသည်ဖြစ်စေ ဥပဒေ ဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများဟာ လူမှုအဖွဲ့အစည်းတွင် မရှိမဖြစ် အမှန်တကယ် လိုအပ်သောလုပ်ငန်းကြီးဖြစ်ပါတယ်။ အားနည်းသူများကို ပစ်ပယ်မထားဘဲ လူသားချင်းစာနာစိတ်ဖြင့် ကူညီရမည်သာဖြစ်ပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံကြီး၏ ဆုံးဖြတ်ချက်အမှတ် (၆၇/၁၈၇) ဖြင့် United Nations Principles and Guidelines on Access to Legal Aid in Criminal Justice Systems ကုလသမဂ္ဂ၏ ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်များတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအတွက် လိုက်နာရမည့်အခြေခံမူများနဲ့ လမ်းညွှန်ချက်များကို ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပါတယ်။ မိမိတို့နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၉ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဂ) တို့တွင်လည်းကောင်း၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ) တို့တွင်လည်းကောင်း၊ ပုဒ်မ ၃၄၇ တွင်လည်းကောင်း တရားစီရင်ရေးဆိုင်ရာအခြေခံမူများနဲ့ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သော လောကပါလတရားဖြစ်တဲ့ ညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှု အခွင့်အရေးများကို ခံစားခွင့်ရှိကြောင်း၊ ဥပဒေအရာတွင် တန်းတူညီမျှမှုအခွင့်အရေးနှင့် ဥပဒေ၏အကာ

အကွယ်ကိုလည်း တန်းတူရယူပိုင်ခွင့်ရှိကြရမည်ဖြစ်ကြောင်းနဲ့ အဆိုပါနိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်တာဝန်နဲ့ တားမြစ်ချက်များကို ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေ ပြဋ္ဌာန်းရမည်ဖြစ်ကြောင်း ပြည့်စုံစွာပြဋ္ဌာန်းထားရှိသည်ကိုလည်း လေ့လာတွေ့ရှိရပါတယ်။

မိမိတို့နိုင်ငံ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အထက်က တင်ပြခဲ့သလို ပြီးပြည့်စုံစွာ ပြဋ္ဌာန်းထားရှိပြီး တိကျကျယ်ပြန့်သည့် သဘောဖြင့် အာမခံပြုထားပြီးဖြစ်သော်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နေသည် မှာ တရားရုံးများလက်စွဲ အပိုဒ် ၄၅၇ နဲ့ ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ(ဌ) တို့တွင် သေဒဏ်ထိုက်သည့်ပြစ်မှုနှင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသူတို့အတွက်သာလျှင် နိုင်ငံတော်စရိတ် ဖြင့် ရှေ့နေများ ငှားရမ်းခွင့်ရှိကြောင်း၊ အခြားသောပြစ်မှုဖြင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသူများကို လွှမ်းခြုံနိုင်သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန် လိုအပ်နေသေးကြောင်း လေ့လာတွေ့ရှိရပါတယ်။ ASEAN ၁၀ နိုင်ငံအနက် ဘရူနိုင်းနှင့် မြန်မာ နှစ်နိုင်ငံမှလွဲ၍ ကျန်ရှစ်နိုင်ငံတို့တွင် ၎င်းတို့နိုင်ငံနှင့် ဆီလျော် သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေများ ပြဋ္ဌာန်းပြီး အကောင်အထည်ဖော်ဆောင်ရွက် နေကြောင်း တွေ့ရှိရပါတယ်။ ဥပဒေအထောက်အကူပြု အဖွဲ့အစည်းများတွင် ရှေ့နေအဖွဲ့အစည်းများ နှင့် လူထုအခြေပြုလူမှုအဖွဲ့အစည်းများပါ ပါဝင်လာသဖြင့် လူထုအကြားဥပဒေအမြင်များ ကျယ်ကျယ် ပြန့်ပြန့်စိမ့်ဝင်ပြီး တရားစီရင်ရေးစနစ်သာမက တရားဥပဒေစိုးမိုးရေးလုပ်ငန်းကိုပါ အကျိုးဖြစ်ထွန်း စေကြောင်း လေ့လာတွေ့ရှိရပါတယ်။ အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံတွင် ၁၉၈၇ မှစ၍ The Legal Service Authorities Act ကိုလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ၂၀၀၃ ခုနှစ်၌ The National Legal Aid Regulations ကိုလည်းကောင်း ပြဋ္ဌာန်းပြီး နိုင်ငံတစ်ဝှမ်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်အရှိန်အဟုန်ဖြင့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးလုပ်ငန်းများကိုဆောင်ရွက် နေကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။

ကမ္ဘာ့နိုင်ငံများတွင် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေများ ပြဋ္ဌာန်းရာ၌ Ministry of Justice တရားရေးဝန်ကြီးဌာနမှစတင်ပြီး ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းသော်လည်း မိမိတို့ နိုင်ငံတွင်မူ တရားရေးဝန်ကြီးဌာနဟူ၍ သီးခြားမရှိဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဟူ၍ Institution သုံးခု ခွဲခြားထားသဖြင့် ဥပဒေပြုရေး၌ အဓိကတာဝန်ရှိသော မိမိတို့ လွှတ်တော်မှစတင်ပြီး ဤဥပဒေကြမ်း

ကို တင်သွင်းသင့်သည်ဟု ခံယူတဲ့အတွက် အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဤဥပဒေကြမ်းကို တင်သွင်းရခြင်း ဖြစ်ပါတယ်။ ရည်ရွယ်ချက်များကတော့-(၁) နိုင်ငံသားတိုင်သည် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေးနှင့် တရားမျှတမှု အခွင့်အရေးတို့ကို ခံစားခွင့်ရရှိစေရန်၊ (၂) ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူက ဥပဒေနှင့်အညီ ခုခံချေပခွင့်ရရှိစေရန်၊ (၃) ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များနှင့် မသန်စွမ်း သူများကို ဥပဒေဆိုင်ရာ အထောက်အကူပေးရန်၊ (၄) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းများကို ပြည်သူများက နားလည် လိုက်နာကျင့်သုံးလာစေရေးအတွက် ပညာပေးဆွေးနွေးမှုများ ဆောင်ရွက်နိုင်ရန်၊ (၅) မှုခင်းဆိုင်ရာ ဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရား မျှတမှု ပိုမိုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှု မြင့်မားလာစေရန်၊ (၆) ပြစ်မှုဆိုင်ရာ တရားစီရင်ရေး စနစ်တွင် မှန်ကန်သော ဥပဒေဆိုင်ရာ အထောက်အကူ ပေးရေးလုပ်ငန်းများကို ထိရောက်စွာ ကျင့်သုံးခြင်းဖြင့် စုံစမ်းစစ်ဆေးရေးကာလအတွင်း ရဲ့အချုပ်နှင့် အကျဉ်းထောင်များ၌ မလိုလားအပ် သော ဖမ်းဆီးချုပ်နှောင်သည့်ကာလကို လျော့ချစေရန်နှင့် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော ဖမ်းဆီး ချုပ်နှောင်မှုများ ပပျောက်စေရန်၊ (၇) တရားရုံးများ၌ တရားခံများဖြင့် ကျပ်သိပ်နေမှုကို လျော့ချပြီး အမှုအား မှန်မှန်နှင့် မြန်မြန် စီရင်ဆုံးဖြတ်နိုင်စေရန်၊ (၈) ဥပဒေဆိုင်ရာ အထောက်အကူပေးရေး လုပ်ငန်းသည် ပြည်သူကို အခြေပြုသည့်စနစ် ဖြစ်သဖြင့် မှုခင်းကြိုတင်ကာကွယ်ရေးကို အထောက် အကူပြုစေရန်၊ (၉) ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကမ္ဘာ့ကုလသမဂ္ဂ၏ ဆုံးဖြတ် ချက်အမှတ် ၆၇/၁၈၇ ဖြင့် ထုတ်ပြန်ထားသည့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များတွင် ဥပဒေ ဆိုင်ရာအထောက်အကူပေးရေးနှင့် စပ်လျဉ်းပြီး အခြေခံသဘောတရားများ လမ်းညွှန်မှုများနှင့် ညီညွတ်မှုရှိစေရန်။

ဤဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်း ချက်များ၏ ဘောင်အတွင်းမှလည်းကောင်း၊ ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်များတွင် ဥပဒေဆိုင်ရာ အထောက်အကူရရှိရေးနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ၏ အခြေခံမူများ လမ်းညွှန်ချက်များနှင့် ညီညွတ်စေရန်လည်းကောင်း၊ အခြားနိုင်ငံများ၌ ကျင့်သုံးသော ဥပဒေအထောက်အကူပေးရေး ဥပဒေ များကို ကိုးကား၍လည်းကောင်း ပြုစုရေးဆွဲထားခြင်းဖြစ်ပါတယ်။ မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေ မှုရှိပြီး လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ရေးဆွဲထားခြင်းဖြစ်ပါတယ်။ ဤဥပဒေကြမ်းတွင် အခန်း ၁၀ ခန်း၊ ပုဒ်မပေါင်း ၃၉ ခု ပါရှိပါတယ်။ ပြီးပြည့်စုံသော ဥပဒေကြမ်းဖြစ်

သည်ဟု မယူဆစေလိုကြောင်း ရိုးသားစွာဖြင့် တင်ပြအပ်ပါတယ်။ ဤဥပဒေကြမ်းနဲ့ပတ်သက်၍ ကိုယ်စားလှယ်တော်ကြီးများမှ ထဲထဲဝင်ဝင်ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးနိုင်ရန်အလို့ငှာ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းဖြစ်တဲ့ ပျိုးပင်အစီအစဉ်မှ ဦးအောင်ကျော်သိန်း ကူညီပံ့ပိုးတဲ့ United Nations Principles and Guidelines on Access to Legal Aid in Criminal Justice Systems အင်္ဂလိပ်-မြန်မာ နှစ်ဘာသာပါစာအုပ်ကို ကိုယ်စားလှယ်တော်ကြီးများထံ ဥပဒေကြမ်းနှင့်အတူ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်မှ ဤဥပဒေကြမ်းကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပါက လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာနတို့ အပါအဝင်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းမှအရပ်ဖက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် ပြည်ပမှ ဥပဒေပညာရှင်များဖြင့် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်းဆွေးနွေးခြင်းဖြင့် မိမိတို့နိုင်ငံနှင့် လိုက်လျောညီထွေမှုရှိသည့် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကောင်းတစ်ရပ်ပြဌာန်းနိုင်မည်ဟု ယုံကြည်ပါသဖြင့် ဤဥပဒေကြမ်းကိုလွှတ်တော်မှ လက်ခံပြီး ဆွေးနွေးခွင့်ပြုပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံဆွေးနွေးမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(ဘီးလင်းမဲဆန္ဒနယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကြွရောက်လာကြသော ဧည့်သည်တော်ကြီးများခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီလင်းမဲဆန္ဒနယ်က ဒေါက်တာစိုးမိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် တင်သွင်းတဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) နိုင်ငံတော်ရဲ့ အခြေခံမူများ အခန်းမှာ တရားစီရင်ရေးမူများအဖြစ်နဲ့ ပုဒ်မ ၁၉ ပုဒ်မခွဲ(ဂ)တွင် အမှုများတွင် ဥပဒေအရ ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ရရှိရေး၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(က)တွင် နိုင်ငံသားတိုင်းသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် သတ်မှတ်ပြဌာန်းထားသည့်

တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့် အရေးတို့ ခံစားခွင့်ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းမှာပါရှိတဲ့ ပုဒ်မ ၃၄၇ မှာ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ယင်းဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်ကိုလေ့လာတွေ့ရှိရပါတယ်။

အထက်ဖော်ပြပါ ပြဋ္ဌာန်းချက်များအရ နိုင်ငံသားတိုင်းသည် ညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု အခွင့်အရေးများကို ခံစားခွင့်ရရှိရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဥပဒေ အရာမှာလည်း တန်းတူညီမျှမှု အခွင့်အရေးနှင့် ဥပဒေရဲ့အကာအကွယ်ကိုလည်း ရယူပိုင်ခွင့်ရကြရမှာဖြစ်ပါ တယ်။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ(ဃ)မှာ ဖော်ပြထားတဲ့ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သောဥပဒေကို ပြဋ္ဌာန်းရမည်ဟု ဖော်ပြပါရှိတာကို တွေ့ရပါတယ်။ ဒါကြောင့်မို့လို့ နိုင်ငံသား တိုင်းရဲ့ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များကို ထိရောက်ခိုင်မာစွာ ပြည့်စုံစေရန်အတွက် လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကုလသမဂ္ဂရဲ့ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်တဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်များကို လိုက်နာဆောင်ရွက်ရမယ့်တာဝန်ရှိပါတယ်။ အထွေထွေညီလာခံရဲ့ ဆုံးဖြတ်ချက်အမှတ် (၆၇/၁၈၇) အဖြစ်နဲ့ ၂၀၁၂ ခုနှစ်ထဲမှာ ထုတ်ပြန်ခဲ့တဲ့ ပြစ်မှုဆိုင်ရာ တရားစီရင်ရေးစနစ်များတွင် ဥပဒေအထောက်အကူရရှိရေးနှင့်စပ်လျဉ်းသည့်ဥပဒေများနှင့် လမ်းညွှန်ချက်များအရ ဥပဒေအရာ၌ တန်းတူညီမျှမှု အခွင့်အရေးနှင့် ဥပဒေအကာအကွယ်ရရှိရေးတို့အတွက် လိုအပ်တဲ့ဥပဒေများကို ပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ ထိုကဲ့သို့ ပြည်သူလူထုရဲ့ အကျိုးပြုစေနိုင်မယ့်ဥပဒေများကို ပြဋ္ဌာန်းနိုင်ရေးအတွက် မိမိတို့ ဥပဒေပြုလွှတ်တော်များရဲ့ တာဝန်ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်း တင်သွင်းသူ ဦးတီခွန်မြတ် တင်ပြဆွေးနွေးသွားတဲ့အတိုင်းပဲ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဘရူနိုင်းဒါရူစလင်နိုင်ငံနှင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှလွဲပြီး ကျန်အာဆီယံနိုင်ငံများနဲ့ အိမ်နီးချင်းအာရှနိုင်ငံများဖြစ်တဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံနဲ့ အိန္ဒိယနိုင်ငံများ

မှာ ဥပဒေများဖြင့် ပြဋ္ဌာန်းပြီး ပြည်သူလူထုအတွက် ဥပဒေပြု အထောက်အကူပြုရေးဆိုင်ရာကိစ္စများကို ဥပဒေနှင့်အညီ ဆောင်ရွက်နေကြပြီဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် တင်သွင်းတဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းမှာပါရှိတဲ့ ဥပဒေဆိုင်ရာဖော်ပြချက်များဟာ ပြည်သူလူထုအတွက် မှန်ကန်မြန်ဆန်သော တရားစီရင်ရေးစနစ်ဖြစ်ပေါ်လာစေပြီး တရားရုံးဆိုင်ရာကုန်ကျစရိတ်များကိုလည်း လျှော့ကျစေနိုင်မှာဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။ ပြည်သူလူထုအတွက် ဥပဒေဆိုင်ရာ အထောက်အကူပြုအဖွဲ့များ၊ ပြည်သူ့ဗဟိုပြုအဖွဲ့အစည်းများ ပါဝင်လာကြမှာဖြစ်တဲ့အတွက် တရားစီရင်ရေး၊ အုပ်ချုပ်ရေးကဏ္ဍများပေါ်မှာ ပြည်သူလူထုရဲ့ ဥပဒေဆိုင်ရာ အသိအမြင် ဗဟုသုတများလည်း ပိုမိုရရှိလာမှာဖြစ်ပါတယ်ခင်ဗျား။ တရားစီရင်ရေးကဏ္ဍမှာလည်း တာဝန်ယူနေရတဲ့ တာဝန်ရှိသူများအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ခွင့် ပိုမိုရရှိလာမှာဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ဥပဒေကြောင်းအရ ဥပဒေနှင့်အညီ ဖြေရှင်းနိုင်ခွင့်၊ ဆောင်ရွက်နိုင်ခွင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လာနိုင်မှာဖြစ်ပြီး ပြည်သူလူထုရဲ့ တရားစီရင်ရေးစနစ်နဲ့ ဥပဒေများအပေါ်မှာ ယုံကြည်အားထားမှုများ ပိုမိုရရှိလာမှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ကွတ်ခိုင်မဲဆန္ဒနယ်မှ ဦးတီခွန်မြတ် တင်သွင်းသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကြမ်းအား ပြည်သူလူထုအတွက် ဥပဒေဆိုင်ရာအထောက်အကူများ များစွာရရှိနိုင်မှာဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးဆွဲပြဋ္ဌာန်းနိုင်ရန် လိုအပ်သောဥပဒေတစ်ရပ်ဖြစ်ပါသဖြင့် လွှတ်တော်၌ လက်ခံဆွေးနွေးပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးတီခွန်မြတ် တင်သွင်းတဲ့ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် သင့်/မသင့် ဆုံးဖြတ်နိုင်ရန် လွှတ်တော်ရဲ့ ဆန္ဒရယူမှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ စက်ခလုတ်သုံး ဆန္ဒမဲပေး

တဲ့နည်းလမ်း အသုံးပြုသွားမှာဖြစ်ပါတယ်။ ဆန္ဒမဲပေးဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ထောက်ခံမဲ ၃၄၆၊ ကန့်ကွက်မဲ ၁၊ ကြားနေမဲ ၆ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေ များတဲ့အတွက် ဦးတီခွန်မြတ် တင်သွင်းတဲ့ ဥပဒေဆိုင်ရာအထောက်အကူပေးရေး ဥပဒေကြမ်းကို လွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို မနက်ဖြန် ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့ အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**